မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းက တည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူပြီး နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဆရာ ဆရာမများသည် မိမိတို့၏ တပည့်များကို ပညာတတ်များဖြစ်ရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ကိန်းအောင်းနေရေး လေ့ကျင့်ပေး

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု၊ လမ်းကွန်ရက်စီမံကိန်းလုပ်ငန်းများနှင့် Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် ဧပြီ၄ရက် နံနက် စနာရီတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာအနီးရှိ ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ရာဇူဒိုင် တံတားအမှတ်(၁) တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းအချက်အလက်များနှင့် ရေလယ်တိုင် PR No. 1 ၏ RCD ပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်တင်ပြသည်။

တစ်ပြိုင်တည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က တံတားကို သတ်မှတ်ကာလထက် စောပြီးစေရန် တံတားနှစ်ဖက်လုံး တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေး၊ လိုအပ်သော စက်ယန္တရားနှင့် လူအင်အားများ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှုရပ်မှ တံတား ရေလယ်တိုင် PR. No.1 ၏ RCD ပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရာဇူဒိုင် တံတားအမှတ်(၁)ကို မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း ကားလမ်းပေါ်တွင် တည်ဆောက်နေကြောင်း သိရှိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်းတွင် သင်တန်းသားများ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

6-4 (01).pmd 1 4/6/2009, 3:17 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဧပြီ ၆ ရက်)

လူထုဆက်သွယ်ရေးနည်းလမ်းများ ထိရောက်စွာအသုံးချ နိုင်ငံတော်နှင့်ပြည်သူ အကျိုးပြုမှု တိုးမြှင့်ဖော်ဆောင်

မြဝတီရုပ်မြင်သံကြား (၁၄)နှစ်မြောက်နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက် ၂၀၀၈ခုနှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၄ရက်နေ့က မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပခဲ့သည်။

ယနေ့အချိန်အခါသည် ပြည်သူနှင့်တပ်မတော် တစ်သွေးတည်း တစ်သားတည်း ၊ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလဖြစ်သည်။

ယနေ့ကမ္ဘာ၌ နည်းပညာများ တစ်နေ့တခြား တိုးတက်လျက်ရှိရာ နိုင်ငံကြီးအချို့သည် ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များအပေါ် မီဒီယာကိုအသုံးချ၍ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စာပေ၊ အနုပညာနယ်ပယ်များတွင် လွှမ်းမိုးရန် ကြိုးပမ်းလျက်ရှိသည်။

ပြည်ပနိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားရန် မီဒီယာကို လက်နက်သဖွယ် အသုံးပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းရန်၊ ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားရန် မဟုတ်မမှန် ကောလာဟလသတင်းများကို ပြည်ပအသံလွှင့်ဌာနများက လီဆယ်လုပ်ကြံ ထုတ်လွှင့်လျက်ရှိကြပေသည်။

ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်အတွက် ယင်းသို့သော မဟုတ်မမှန်သတင်းများကို မီဒီယာနည်းလမ်းဖြင့် ထိထိရောက်ရောက် ပြန်လည်အသုံးချ၍ တန်ပြန်ချေဖျက်သွားကြရမည် ဖြစ်သည်။

မီဒီယာများအနက် ရုပ်မြင်သံကြားနှင့်စာနယ်ဇင်းသည် ပြည်သူလူထုအတွင်း သတင်းပြန်ကြားမှုနှင့် ပညာပေးမှုတွင် အထိရောက်ဆုံး စွမ်းဆောင်နိုင်သည်။ လူထုဆက်သွယ်ရေးလုပ်ငန်းဖြစ်ပြီး ရုပ်မြင်သံကြားသည် ပရိသတ်ထုနှင့် အရင်းနှီးဆုံးနှင့် အထိရောက်ဆုံးသော မီဒီယာဖြစ်ပေသည်။

သို့ဖြစ်ပေရာ လူထုဆက်သွယ်ရေးလုပ်ငန်း၌ အဓိက အခန်းကဏ္ဍက ပါဝင်နေသော မြဝတီရုပ်မြင်သံကြားသည် ပြည်သူတစ်ရပ်လုံး ချမ်းမြေ့ပျော်ရွှင်ကြည်နူးစေရန်၊ မှန်ကန်သော သတင်းအချက်အလက်များ အချိန်မီသိရှိစေရန် ရည်ရွယ်ချက်နှင့်အညီ ဖျော်ဖြေပေးရန်၊ ပညာပေးရန်၊ ပြန်ကြားပေးရန် စသည့်တာဝန်များကို တိုင်းရင်းသားပြည်သူများအတွက် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် နေပြည်တော် ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၃ရက်က ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ရှိ (၂၃၀/၃၃/၁၁)ကေဗွီ ၁၀၀အမ်ဗွီအေ နေပြည်တော် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအတွင်းရှိ Battery Room နှင့် Control Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ခွဲရုံ Switch Yard အတွင်း မဟာဓာတ်အားလိုင်း ဝင်ရောက်လာမှုနှင့် ဓာတ်အားလိုင်း ဆက်လက်ပို့လွှတ်မှုအခြေအနေ၊ ၄င်းဓာတ်အားလိုင်းများမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးမှုအခြေအနေနှင့် Switch Yard အတွင်း ထပ်မံတည်ဆောက်လျက်ရှိသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ကြံ့ရဆုံရ ဥါဘ၀** တရားတော် (ဆရာတော် အရှင်သုမနာစာရ)
၇း၅၅-၁း၅၅	မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း
၈း၁၀-၂း၁၀	ခါသကြိန်အဆိုအက
၈း၁၅-၂း၁၅	Soccer Update
၈း၃၀-၂း၃၀	လာရောက်ဖူးမြော် မဟာအတုလ ရန်အောင်မြင် စေတီတော်
၈း၄၅-၂း၄၅	ခါသကြိန်အဆိုအက
၈း၅၅-၂း၅၅	နိုင်ငံတကာအနုပညာရေးရာ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	Activities in the City (သုတရိပ်မွန်အနုပညာလုပ်ငန်း၏ ရုပ်/သံတည်းဖြတ်သင်တန်း စာနယ်ဇင်းအသိပေးပွဲ)
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	အနုပညာမိုးကောင်းကင်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	မှိုအသားမျှင်တစ်သျှူး မျိုးပွားနည်း
၁၀း၄၀-၄း၄၀	ခါသကြိန်အဆိုအက
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	Biz Net
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	စွမ်းအားစက်မှုအရင်းပြု စီမံဆောင်ရွက်နိုင်ငံ့အတွက် ထုတ်လုပ်နေတာ မြန်မာ့တာယာ
၁၁း၄၀-၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅-၅း၄၅	MRTV-4 ကျန်းမာရေးကဏ္ဍ သင်္ကြန်တွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း (ပါမောက္ခ ဒေါက်တာသိန်းထွန်းနှင့် တွေ့ဆုံခြင်း)
၁၂း၀၀-၆း၀၀	နွယ်ငြိမ်းရဲ့သင်္ဂြိုဟ်တ… မြန်မာ့အလှ
၁၂း၁၅-၆း၁၅	ခါသကြိန်အဆိုအက
၁၂း၂၅-၆း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ် (တိမ်လွှာကျောက်ကျော)
၁၂း၄၀-၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅-၆း၄၅	စွမ်းအင်နှင့်သူတို့
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၆-၄-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသင်္ကြန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၂၅	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မြန်မာသင်္ကြန်
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၄၀	၁၄။	သွက်လက်လှုပ်ရှားကစားစို့လား
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနဲ့ပန်းနှင်းဆီ** (အပိုင်း-၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	မြန်မာသင်္ကြန်
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၁၂)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မာန်အောင်မြို့နယ် ကမားကျေးရွာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၁၇အုပ်စုတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျောက်ဖြူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၀ရက် နံနက်ပိုင်းက ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရမ္မာဝတီခန်းမ၌ ဒေသခံမြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဆေးဝါးပစ္စည်းမျိုးစုံ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်များ၊ အားကစားပစ္စည်းများနှင့် ရမ်းဗြဲမြို့ အခြေခံပညာအထက်တန်းကျောင်း သိပ္ပံဆောင်ပြုပြင်ရန် ငွေကျပ် ၁၆သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ရမ်းဗြဲဒေါရထဆိပ်ကမ်းမှ အမြန်ရေယာဉ်ဖြင့် ကျောက်နီမော်ကျေးရွာသို့ ရောက်ရှိကြပြီး ကျောက်နီမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တိုင်းမှူးက ကျောက်နီမော်ဆေးရုံအတွက် ချဲ့စုပ်စက်တစ်လုံး၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျေးရွာများအတွက် အဝတ်အထည်များ၊ ဂျာနယ်မျိုးစုံနှင့် မဂ္ဂဇင်းစာစောင်များ၊ ဆေးဝါးပစ္စည်းများနှင့် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဘူးရေမျက်ကျေးရွာသို့ရောက်ရှိကြပြီး ပန်းခြံချောင်းတံတား အသစ်ပြန်လည်တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး မာန်အောင်မြို့နယ် ကမားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၁၇အုပ်စုတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ဂျာနယ်နှင့်စာစောင်များကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးက ကျေးလက်နေပြည်သူများ မီးလင်းရေးအတွက် သဘာဝစွန့်ပစ်ပစ္စည်း နွားချေးနှင့်ဆား ဆတူရောစပ်၍ ဓာတ်ခဲအဟောင်းအသုံးပြုပြီး လျှပ်စစ်မီးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းပြသ၍ ကျေးရွာဥက္ကဋ္ဌများအား အယ်အီးဒီမီးချောင်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

(၇-၄-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅	တရားတော် (ဓဇဂ္ဂသုတ်) မမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (လူငယ်နှင့် လက်ဆင့်ကမ်းအမွေ)
၈း၄၀	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ငရုံ့ပတူရွက်သုပ်၊ ငံပြာရည်ကြော်နဲ့ ဒန့်သလွန်သီး ငါးရံ့ချဉ်ရည်)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	(Talk on line) (အဲလက်စ်)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တူယှဉ်သီကြွေး စုံတွဲတေး
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၄၀	ရွှင်လန်းစေချင်သောတရှင်
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ကမ္ဘာ့ကျန်းမာရေးနေ့ ဟောပြောချက် တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး (သစ်စေ့နှစ်စေ့)
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မေတို့တွက်တာအလှကမ္ဘာ (အဝတ်အစားအရောင်အသွေး)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၃၀	စာအုပ်စာပေလှူမိတ်ဆွေ (၁) မြန်မာစကားပုံများ(လှသမိန်) (၂) ခေတ်သစ်ပုံပြင်(၃)(ကောင်းသန့်)
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	ဇာတ်လမ်းပမာနားဆင်စရာ (သင်္ကြန်ချစ်သူများ)
၁၉း၂၀	တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	နွေရှင်ခုနှစ်သံအစီအစဉ်
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၀း၃၀	တေးစီးရီး (နွေလရဲ့တန်ခူး)
၂၀း၅၀	တေးပဒေသာ
၂၁း၀၀	ခံစားနားဆင်တေးဂန္ထဝင် လူမှုရေးဦးတည်ချက်
၂၁း၂၀	ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

တန့်ယန်းမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

တန့်ယန်း ဧပြီ ၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပေးခဲ့သော တန့်ယန်းမြို့ ယောမင်းကြီးဦးဘိုးလှိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရနှင့် တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း LED မီးသီးစက်ရုံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း LED မီးသီးစက်ရုံသို့ ရောက်ရှိရာ အကြံပေးအရာရှိက LED မီးသီးများ ထုတ်လုပ်မှု၊ ဘိုင်အိုဘက်ထရီ တီထွင်ထုတ်လုပ်မှုနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် LED မီးသီးများ ထုတ်လုပ်နေမှုလုပ်ငန်း အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

အသိပညာပေးဟောပြောပွဲ လားရှိုးတက္ကသိုလ်၌ကျင်းပ

လားရှိုး ဧပြီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မတ် ၃၁ရက်က လားရှိုးတက္ကသိုလ်၌ အသိပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းသန္တာဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာနန်းကိန်ဖောင်းတစ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ လားရှိုးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးဒေါက်တာထွန်းသန်းဦးက အမျိုးသားများ၏အခန်းကဏ္ဍနှင့် လူငယ်လူရွယ်အစီအစဉ်များကိုလည်းကောင်း၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ဝိုင်းလပ်လိတ်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ဥပဒေများအကြောင်းကို လည်းကောင်း အသီးသီးဟောပြောကြသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် လားရှိုးတက္ကသိုလ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာအစောင် ၃၀၀နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင် အဆိုပြုလွှာအစောင် ၃၀၀ တို့ကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက် ရှိပါသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Bestozyme Syrup 200 ml (Alpha Amylase Ip 75 mg, Papain Ip 60 mg/5 ml)	Biological E.Ltd., India.
၂။	Oxyzed Tablet (Paracetamol I.p 325 mg, Diclofenao Sodium I.P 50 mg, Magnesium Trislicate I.P 100 mg)	Associated Biotech, India.
၃။	Vinsitil Capsule (Diphenoxylate HCL 2.5mg, Atropine Sulphate 0.0025 mg)	Cardinal Health Australia Pty Ltd, Australia
၄။	Super Sea Horse Capsule (Carbetapentane Citrate 15 mg, Bromhexine) 8 mg, Chlorpheniramine maleate 5 mg, Phenylephrine HCL 10mg, Paracetamol 430mg, Caffeine 30 mg)	Neochem Pharmaceutical Labs Ltd, H.K
၅။	Tung-Hai Fish Liver Oil Capsule	Tung-Hai P'cal Works, Shanghai.

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မဟာသကြ်န်အကြို အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃ရက်က နဝဒေးဥယျာဉ်အိမ်ရာ ဗစ်တိုးရီးယားကုန်တိုက်ရှေ့၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှေအိ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် စူပါဝမ်းကုမ္ပဏီဒါရိုက်တာ ဒေါ်ကေသီဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ဝ၉၇)

သက်ရှည်နုပျိုစွာနေထိုင်နိုင်ရန် ကျန်းမာရေးအသိရှိဖို့လိုအပ်

ပါမောက္ခဒေါက်တာခင်မောင်ဝင်း

ရန်ကုန် ဧပြီ ၅

"သက်ရှည်ကျန်းမာ နုပျိုလန်းဆန်းစရာ နည်းလမ်းအဖြာဖြာ" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ ဧပြီ ၄ရက်က ကျင်းပခဲ့သော ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၌ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်း ဟောပြောဆွေးနွေးမှုများမှ ကျန်းမာရေးဆိုင်ရာ အချက်အချို့ကို ဆက်လက်ဖော်ပြလိုက်ရပါသည်။

ကျန်းမာရေးအသိ

"သက်ရှည်ကျန်းမာပြီး နုပျိုစွာနဲ့ နေထိုင်သွားဖို့ဆိုတာ ကျန်းမာရေးအသိရှိဖို့ လိုအပ်တယ်။ လိုက်နာဖို့အတွက်ကတော့ အထူးလိုအပ်တာပေါ့။ လူတစ်ဦးဟာ လမ်းလျှောက်တယ်။ လမ်းလျှောက်တဲ့အတွက် ခန္ဓာကိုယ်ထဲမှာ ကယ်လိုရီတွေ လောင်ကျွမ်းသွားတယ်။ ခန္ဓာကိုယ်အတွင်း များနေတဲ့ ကယ်လိုရီတွေ လောင်ကျွမ်းစေတဲ့ လမ်းလျှောက်ခြင်းဟာ ကောင်းပါတယ်။ ဒါပေမယ့် လမ်းလျှောက်ပြီးအပြန်မှာ လမ်းဘေးမှာရောင်းနေတဲ့ အကြော်တစ်ခုလောက် ဝယ်စားလိုက်တာနဲ့ ကယ်လိုရီပြန်တက်တော့တာပါပဲ…"ဟုပြောကြားသည်။

လမ်းလျှောက်ခြင်း

ဆီများ နှစ်မြုပ်စွာကြော်ထားသော အကြော်များသည် ပြည့်ဝဆီများကြွယ်ဝစွာ ပါဝင်နေရာ ကယ်လိုရီလောင်ကျွမ်းစေပြီး ကိုယ်လက်လှုပ်ရှားမှုဖြစ်စေသော လမ်းလျှောက်ခြင်းသည် လမ်းဘေးမှအကြော် စားလိုက်သည်နှင့် အကျိုးမဲ့ဖြစ်သွားစေကြောင်း သတိပြုသင့်သည်။

လမ်းလျှောက်တာ ကျန်းမာရေးအတွက် ကောင်းပါတယ်။ ဒါပေမယ့် အကြော်တစ်ခုလောက် ဝယ်စားလိုက်တာနဲ့….

"အကြော်တွေကြော်ထားတဲ့ ဆီတွေလို အကြိမ်ကြိမ်ထပ်ပြီးကြော်ရင် ကင်ဆာဖြစ်နိုင်တဲ့ဓာတ်တွေထွက်လာတယ်။ အဲဒါကိုလူတွေက သတိမပြုမိဘဲ စားသုံးကြရင်အသည်းကင်ဆာအပါအဝင် အခြားကင်ဆာရောဂါတွေ ဖြစ်ပွားနိုင်တယ်။ ဒါကြောင့် ပြည့်ဝဆီတွေကို မစားသုံးသင့်ဘူး" ဟုရှင်းပြသည်။

ဆိုးကျိုး

ထို့အပြင် အသားများ၊ ငါးများကို အချို့ကအရောင်ဆိုးဆေးဖြင့် အသုံးပြုထားသဖြင့် မစားသုံးသင့်သလို သဘာဝအလျောက် မြစ်ချောင်း၊ အင်းအိုင်များမှ ငါးများကလည်း ရာနှုန်းပြည့် သန့်ရှင်းမှုမရှိတော့ကြောင်း ဤသို့ပြောကြားသည်။

"မွေးမြူရေးငါးတွေကို ရောဂါမကျရောက်နိုင်အောင် ဆေးဝါးတွေအမြဲတမ်းပက်ဖျန်းပေးရတယ်၊ ဒါ့အပြင် ဓာတုဗေဒပစ္စည်းတွေနဲ့ ပေါင်းစပ်ပြုလုပ်ထားတဲ့ ငါးစာထောင့်တွေစားသုံးလို့ မွေးမြူရေးငါးတွေဟာလည်း ကျန်းမာရေးကို အပြည့်အဝအထောက်အကူမပြုနိုင်ပါဘူး၊ ဒါဆိုရင် မြစ်ချောင်းတွေထဲက ငါးတွေ သန့်ရှင်းလတ်ဆတ်မလားဆိုတာ မသေချာပြန်ဘူး၊ စက်ရုံ၊ အလုပ်ရုံတွေက ထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေ၊ ဓာတုအရည်တွေက မြစ်ချောင်းတွေအတွင်း အကုန်စီးဝင်ကြ တာဆိုတော့ အဲဒီမှာ ရှင်သန်ကျက်စားနေတဲ့ ငါးတွေအပေါ် ဆိုးကျိုးသက်ရောက် စေတော့တာပဲ၊ သန့်ရှင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်ဖို့ဆိုတာ ရာနှုန်းပြည့်ပြောလို့ မရပြန်ပါဘူး" လို့လည်း ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ဆွေးနွေးပြောကြားသည်။

ဆေးကြောစားသင့်

ထို့ကြောင့် ငါးများကို သန့်ရှင်းစွာ ဆေးကြောသန့်စင်ပြီးမှ စားသုံးသင့်သလို ကင်ဆာဖြစ်စေသော ဓာတ်များထွက်ရှိနေသည့် ပြည့်ဝဆီများကိုလည်း မည်သည့်နည်းလမ်းနှင့်မျှ ခန္ဓာကိုယ်အတွင်းမဝင်ရောက်စေရန် သတိပြုဆင်ခြင်သင့်ကြောင်း ကျန်းမာရေး အသိပညာပေးအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကျန်းမာရေးသတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် အပြည်ပြည်ဆိုင်ရာ စွမ်းအင်ချွေတာရေးနှင့် နည်းပညာသစ်ထုတ်ကုန်များ ပြပွဲ၌ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ကားကိုယ်ထည်အား ပြသထားသည်ကို ဧပြီ ၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီးယူ၏ကာကွယ်ရေး စွမ်းရည်ပိုမိုခိုင်မာရန် သမ္မတအိုဘားမား အလိုရှိဟု ပြောကြား

စထရာဘို့ ဧပြီ ၅

အမေရိကန်သမ္မတ အိုဘားမားက အမေရိကန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ(အီးယူ) ကာကွယ်ရေးစွမ်းရည် ပိုမိုခိုင်မာတောင့်တင်းရေးကို အလိုရှိကြောင်း ဧပြီ ၃ရက်တွင် ပြောကြားလိုက်သည်။

ကာကွယ်ရေးစွမ်းရည်

မိမိတို့သည် အင်အားတောင့်တင်းခိုင်မာသည့် မဟာမိတ်နိုင်ငံများကို အလိုရှိကြောင်း၊ ဥရောပတိုက်အနေဖြင့် များစွာ ပိုမိုတောင့်တင်းသည့် ကာကွယ်ရေးစွမ်းရည်များရှိသည်ကို မိမိတို့မြင်တွေ့လိုကြောင်း ပြင်သစ်သမ္မတဆာကိုဇီနှင့် တွေ့ဆုံအပြီးတွင် အမေရိကန်သမ္မတ အိုဘားမားက သတင်းထောက်များအား ပြောကြားသည်။

နေတိုးအဖွဲ့၏ အခြေခံ ကတိမှာ ဥရောပလုံခြုံရေးသည် အမေရိကန်လုံခြုံရေးပင်ဖြစ်ပြီး အပြန်အလှန်အထောက်အကူပြုနေကြောင်း ၎င်းကထည့်သွင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ တရုတ်နိုင်ငံက ဆန့်ကျင်

လန်ဒန် ဧပြီ ၅

တရုတ်နိုင်ငံက ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကိုဆန့်ကျင်ပြီးပူးပေါင်းဆောင်ရွက်မှု ထောက်ခံရန် တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချန်ဒီမင်းက လန်ဒန်၌ ကျင်းပနေသည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် အခိုင်အမာပြောကြားလိုက်သည်။

အကျိုးဖြစ်ထွန်းမှု

ကမ္ဘာတစ်ဝန်းတွင် လက်ရှိ ပေါ်ပေါက်နေသည့် ဘဏ္ဍာရေးအကျပ်အတည်းကို ပူးပေါင်းဖြေရှင်းရန်အတွက်ယခုကျင်းပနေသည့် ထိပ်သီးဆွေးနွေးပွဲတွင် အပြုသဘောဆန်ပြီး လက်တွေ့ကျသည့် အကျိုးဖြစ်ထွန်းမှုများ ပေါ်ပေါက်လာခဲ့သည်ဟု ချန်က ဆက်လက်ပြောကြားသည်။

ဆန့်ကျင်

အဆိုပါ အကျိုးဖြစ်ထွန်းမှုများမှာ နိုင်ငံတကာ ဘဏ္ဍာရေးဈေးကွက် တည်ငြိမ်မှုရရှိရေး၊ နိုင်ငံတကာဘဏ္ဍာရေးစနစ်ကို အရှိန်မြှင့်ကာပြုပြင်ဖော်ဆောင်ရေး၊ ဒိုဟာ ဆွေးနွေးပွဲ တက်ကြွစွာ ကျင်းပရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို ဆန့်ကျင်ကြောင်း စသည့်ကဏ္ဍများအပေါ် ကျယ်ပြန့်စွာ သဘောတူညီမှုရရှိမှုဖြစ်သည်ဟု ချန်က ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အကြမ်းဖက်အဖွဲ့ အား လျှို့ဝှက်သတင်းပေးမှု ကန်ရေတပ် တပ်ဖွဲ့ဝင်ဟောင်းအား ထောင်ဒဏ် ၁၀ နှစ် ချမှတ်

ဘော့စတွန် ဧပြီ ၅

အကြမ်းဖက်အဖွဲ့အစည်းအား ပစ္စည်းထောက်ပံ့မှုနှင့် သူလျှိုလုပ်သည့်ပြစ်မှုဖြင့် အရှေ့အလယ်ပိုင်းတွင် စခန်းချသည့် အမေရိကန်ရေတပ်တပ်ဖွဲ့ဝင်ဟောင်း တစ်ဦးအား ထောင်ဒဏ် ၁၀နှစ် ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

အဖမ်းခံခဲ့ရ

အပြစ်ပေးခံရသူသည် အသက် ၃၃ နှစ်ရှိ ဟက်ဆန်အဘူဂျီယက်ဖြစ်ပြီး လန်ဒန်ရှိ အက်ဇမ်စာအုပ်ထုတ်ဝေရေးတိုက်သို့ လျှို့ဝှက်သတင်း ဖြည့်ဆည်းပေးမှုဖြင့် ကွန်နီတီကတ် အစိုးရခုံသမာဓိအဖွဲ့က ၎င်းအား လွန်ခဲ့သည့်နှစ်အတွင်း စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ယင်းသတင်းက အမေရိကန်နိုင်ငံသူ နိုင်ငံသားများအား သတ်ဖြတ်ရန် ကြံစည်နေသည့် သတင်းဖြစ်ကြောင်း ၎င်းကိုယ်တိုင် သိရှိထားသည်။ အဘူဂျီယက်သည် ဖီးနစ်မြို့တွင် ၂၀၀၇ခုနှစ် မတ် ၇ရက်က အဖမ်းခံခဲ့ရသည်။

စွပ်စွဲ

အက်ဇမ်စာအုပ်ထုတ်ဝေရေးတိုက်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်စပ်နေသူများထံသို့ ပစ္စည်းများထောက်ပံ့ပြီး ဆက်သွယ်မှုပြုလုပ်ခဲ့ရာတွင် ပူးပေါင်းကြံစည်ခဲ့သည်ဟု ရှေ့နေများက စွပ်စွဲထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရှင်းလင်း

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် မောင်းသူမဲ့လေယာဉ်၏တိုက်ခိုက်မှု ပါကစ္စတန်နယ်စပ်တွင် ၁၃ဦးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၅

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသည့် ပါကစ္စတန်နိုင်ငံ၏ လူမျိုးစုနေထိုင်ရာဒေသရှိ ကျေးရွာတစ်ရွာမှ အိမ်တစ်အိမ်အား ဧပြီ ၄ ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းက ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် ၁၃ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါ လေယာဉ်မှာ ကျေးရွာရှိ တာလီဘန်စစ်သွေးကြွများ ပုန်းအောင်းရာနေရာအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာလူကြီး၏ဆွေမျိုးနှစ်ဦး၊ အမျိုးသမီး ငါးဦးနှင့် ကလေးငယ်ငါးဦးတို့သေဆုံးပြီး နေအိမ်မှာလုံးဝပျက်စီးသည်ဟု ပုဂ္ဂလိက အင်န်အင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဒါတာခယ်ဒေသရှိ ဒန်းကျေးရွာမှ တာလီဘန်စစ်သွေးကြွများအား ပစ်မှတ်ထားပြီး အဆိုပါလေယာဉ်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်သုံးစင်းတွေ့ရကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်အလုပ်လက်မဲ့နှုန်း ထပ်မံမြင့်တက်လာ

ဝါရှင်တန် ဧပြီ ၅

အလုပ်ရှင်များက မတ်လအတွင်းတွင် အလုပ်သမား ၆၆၃၀၀၀ကို ဖယ်ရှားပစ်လိုက်စဉ် အမေရိကန်နိုင်ငံ၌ အလုပ်လက်မဲ့နှုန်းမှာ မတ်လက ၈ဒသမ၅ရာခိုင်နှုန်းသို့ မြင့်တက်သွားကြောင်း၊ ယင်းအလုပ်လက်မဲ့နှုန်းမှာ ၁၉၈၃ခုနှစ်နောက်ပိုင်း၌ အမြင့်ဆုံးဖြစ်ကြောင်း အလုပ်သမားဌာနက ဧပြီ ၃ရက်တွင် ကြေညာသည်။

ပိုများလာ

ဖေဖော်ဝါရီလအတွင်း အလုပ်ရှင်များက အလုပ်သမား ၆၅၁၀၀၀ကို အလုပ်မှ ဖယ်ရှားလိုက်သည့်အခါ ဖေဖော်ဝါရီလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၈ဒသမ၁ ရာခိုင်နှုန်းရှိသည်။ မတ်လအတွင်း အလုပ်လက်မဲ့နှုန်း ၈ဒသမ၅ရာခိုင်နှုန်းက ဖေဖော်ဝါရီလ အလုပ်လက်မဲ့နှုန်းထက် မြင့်တက်လာသည်ကို တွေ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကားရပ်နားရာနေရာ၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် ဆန်းဒေးတိုင်းမ်သတင်းစာ စောင်ရေများ လျှော့ချထုတ်ဝေရဖွယ်ရှိ

ချီကာဂို ဧပြီ ၅

အမေရိကန်ဆန်းဒေးတိုင်းမ် သတင်းစာထုတ်ဝေသည့် ဆန်း-တိုင်းမ်မီဒီယာအုပ်စု ကုမ္ပဏီက အမြတ်အစွန်းပြန်လည်ရရှိရန် တွန်းအားပေးဆောင်ရွက်မှု၏ အစိတ်အပိုင်းအဖြစ် စောင်ရေများလျှော့ချထုတ်ဝေရဖွယ်ရှိကြောင်း ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် ဟယ်ဘရစ်က ပြောကြားသည်။

ပြောကြား

စီးပွားရေး အလွန်အမင်းကျဆင်းနေချိန်တွင် သတင်းစာတိုက်၏ဝင်ငွေသည် မျှော်မှန်းထားသည်ထက် မြန်ဆန်စွာကျဆင်းလာခဲ့ရာ နိုင်ငံတစ်ဝန်းရှိ သတင်းစာစောင်ရေလျှော့ချရန် သို့တည်းမဟုတ် ထုတ်ဝေမှုလျှော့ချရဖွယ်ရှိသည်ဟု ဟယ်ဘရစ်က ချီကာဂိုဘစ်စနက် သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ဆန်းဒေးတိုင်းမ် သတင်းစာတိုက်က ကုန်ကျစရိတ်ဖြတ်တောက်ရေး အခြားအစီအစဉ်များ ပြုလုပ်လျက်ရှိသည်။ ယင်းအစီအစဉ်များတွင် ဝန်ထမ်းများအလုပ်ဖြုတ်ချိန်တွင် ပေးရသည့်လျော်ကြေးငွေ လျှော့ချမှု၊ လစာမှဖြတ်တောက်မှု၊ ဝန်ထမ်းခံစားခွင့် လျှော့ချမှုနှင့် နားနေခွင့်လျှော့ချမှု စသည်တို့ ပါဝင်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြင်သစ်နိုင်ငံမြောက်ပိုင်း နန်တေးမြို့တွင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖြစ် စက္ကူဖြင့် ပြုလုပ်ထားသည့် ပန်ဒါဝက်ဝံရုပ် ၁၆၀၀ ခင်းကျင်းပြသထားသည်ကို ဧပြီ ၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြည်ထောင်စုလမ်းမကြီး အဝိုင်းပတ်လမ်းတွင် စည်းလုံးညီညွတ်ခြင်းသည်အင်အား ရုပ်တုကြီး၊ မြို့တော်ခန်းမနှင့် သာသနာ့ဗိမာန် အဆောက်အအုံတို့မှာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုဖြင့် လှပသာယာဝေဆာနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၏ ခံ့ညားထည်ဝါမှု ပြယုဂ်ပင်ဖြစ်သည်။ (မြန်မာ့အလင်း)

● ကျောဖုံးမှ

"လားရှိုးမြို့ရဲ့စီးပွားရေးဟာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ဖွင့်လှစ်တဲ့အချိန်ကစပြီး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာတယ်လို့ ပြောလို့ရပါတယ်။ အထူးသဖြင့် ၂၀၀၇ခုနှစ် စက်တင်ဘာလမှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးရဲ့ ဦးဆောင်စီစဉ်ပေးမှုနဲ့ လားရှိုးမြို့မှာ ကုန်စည်ဒိုင် ဖွင့်လှစ်ပြီးတဲ့နောက်ပိုင်း စီးပွားရေးဟာ တစ်ရှိန်ထိုး တိုးတက်လာတယ်လို့ ဆိုရပါမယ်။ တိုင်းမှူးက ကျွန်တော်တို့ကို မကြာခဏဆိုသလို ပြောတဲ့စကားတစ်ခွန်းရှိပါတယ်။ ဒို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တယ်။ အခြေခံ လူတန်းစား

"လားရှိုးမြို့ဟာ တိုက်ရိုက်ပို့ကုန်၊ သွင်းကုန်ရှိတဲ့ မြို့လို့ ပြောလို့ရပါတယ်"

ဦးစိုင်းထွန်းတင်
ကုန်စည်ဒိုင်ဥက္ကဋ္ဌ

ဖြစ်တဲ့ လယ်သမားတွေ ချမ်းသာမှ နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တယ်။ ဒါ့ကြောင့် လယ်သမားတွေ ချမ်းသာအောင် တတ်နိုင်တဲ့ဘက်က အကူအညီပေးရမယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့်လဲ ကျွန်တော်တို့ ကုန်စည်ဒိုင်အနေနဲ့ လယ်သမားတွေ လယ်ယာထွက်ကုန် သီးနှံတွေကို ရောင်းတဲ့အခါမှာ ဈေးနှိမ်မခံရအောင် မန္တလေး၊ မူဆယ်နဲ့ တရုတ်နိုင်ငံဘက်က ကုန်စည်ပေါက်ဈေးတွေကို ဆက်သွယ်စုံစမ်းပြီး ကြေညာပေးထားလို့ လယ်သမားတွေဟာ လက်ရှိပေါက်ဈေးအတိုင်း ရောင်းချနိုင်သလို ကုန်သည်တွေဘက်ကလည်း လားရှိုးကုန်စည်ဒိုင်မှ နေ့စဉ် ၁၂ဘီးကား ၁၅စီးမှ အစီး၂၀အထိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့လျက်ရှိပြီး တရုတ်ပြည်မှလူသုံးကုန်ပစ္စည်း၊ စားသုံးကုန်ပစ္စည်းများကို ပြန်လည်တင်သွင်းလာကြတယ်။ ဒါကြောင့်

"မြို့ရေပေးရေး လုပ်ငန်းကိုလည်း စနစ်တကျ ဆောင်ရွက်နေပါတယ်"

ဦးစိုးနိုင်
ဒုတိယညွှန်ကြားရေးမှူး
လားရှိုးမြို့နယ်
စည်ပင်သာယာရေးအဖွဲ့

လားရှိုးမြို့ဟာ တိုက်ရိုက်ပို့ကုန်၊ သွင်းကုန်ရှိတဲ့မြို့လို့ ပြောလို့ရပါတယ်"ဟု လားရှိုးကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းထွန်း တင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

လွယ်လင့်တကူ

နိုင်ငံတော်က ယခုအခါ လားရှိုးမြို့မှ လားရှိုး-မန္တလေးလမ်း၊ လားရှိုး-နမ္မတူလမ်း၊ လားရှိုး-မူဆယ်လမ်း၊ လားရှိုး-ကွမ်းလုံလမ်း၊ လားရှိုး-တန့်ယန်းလမ်းနှင့် လားရှိုး-မိုင်းရယ်လမ်းများကို ပြည်ထောင်စုလမ်းများအဖြစ် ဖောက်လုပ်ပေးခဲ့ပြီး လားရှိုး-သီပေါလမ်း၊ လားရှိုး-သိန်းနီလမ်းများကိုလည်း ဖောက်လုပ်ပေးခဲ့သည်။ ထို့အပြင် လားရှိုး-တန့်ယန်းမှတစ်ဆင့် ပန်ဆန်းလမ်းသစ်ကိုလည်းကောင်း၊ လားရှိုးမှတစ်ဆင့် သီပေါ-နမ့်လန်-ပန်ကေတု-လွယ်လင်လမ်းကိုလည်းကောင်း၊နောင်ချိုကံကြီး- တာပလန်း- အင်တော-ကျောက်ဂူ-ရပ်စောက် လမ်းမကြီးအားလည်းကောင်း ဖောက်လုပ်ပေးခဲ့ရာ ရှမ်းပြည်နယ်တစ်ဝန်းသို့ လွယ်လင့်တကူ သွားလာနိုင်ပြီ ဖြစ်သည်။

ပြည်သူများ အနားယူအပန်းဖြေနိုင်သည့် ပြည်ထောင်စု ကန်သာယာ သဘာဝဥယျာဉ်အတွင်း အလျားပေ ၃၀၀၊ အနံပေ ၁၀၀ ရှိ ရေကန်ကြီးများကလည်း ကြည်လင်စိမ်းလန်းသော ရေများဖြင့် မျက်စိပသာဒဖြစ်ဖွယ် တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကောင်းမွန်

လားရှိုးမြို့သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် ဒေသခံပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာသည်။ ထိုသို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသဖြင့် လူနေထိုင်မှုလည်း တဖြည်းဖြည်း တိုးတက်စည်ကား များပြားလာသည်။ ထိုသို့ လူနေထိုင်မှုများပြားတိုးတက်လာသော လားရှိုးမြို့၏ စည်ပင်သာယာရေးလုပ်ငန်းများကို သိရှိနိုင်ရန် လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်အား တွေ့ဆုံမေးမြန်းခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးက "လားရှိုးမြို့ကို အနှစ်၂၀ နှစ်ရှည် စီမံကိန်းချမှတ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ကျေးလက်အိမ်ရာ စီမံကိန်းတွေ ဆောင်ရွက်နေပါတယ်။ နောက်ပြီး မြို့ရေပေးရေးလုပ်ငန်းကိုလည်း စနစ်တကျဆောင်ရွက်နေပါတယ်။ မြို့လယ် လမ်းတွေကောင်းမွန်အောင်၊ မြို့သာယာလှပအောင် ဆောင်ရွက်ထားပါတယ်။ စည်းလုံးခြင်းသည်အင်အား ရုပ်တုအဝိုင်းမှာ ညအချိန် ရောင်စုံမီးလုံးများ ထွန်းညှိခြင်း၊ လမ်းတစ်လျှောက် ပန်းတင်ခုံ

"လူနာတွေကို အခမဲ့ ကုသပေးနေပါတယ်"

ဒေါက်တာစိုးမြတ်ဆွေ
ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆံ့ဆေးရုံ၊ လားရှိုးမြို့

များပြုလုပ်ကာ ပန်းအလှပင်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်ထားပါတယ်။ ပြည်သူများ အပန်းဖြေစရာ လားရှိုးရေပူစမ်း၊ နန်းဟောဝန်ပန်းခြံနဲ့ ကန်တော်မင်္ဂလာပန်းခြံများ ဆောင်ရွက်ထားပါတယ်"ဟု သတင်းအဖွဲ့ကို ရှင်းပြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အဝင် ကြိုဆိုမုခ်ဦးကြီးကလည်း ဆေးရောင်စုံအလှအပများဖြင့် မြို့၏ဂုဏ်ပုဒ်ကို ဖော်ကျူးနေသယောင်။ (မြန်မာ့အလင်း)

ပညာရေး

ပညာရေးဘက်တွင်လည်း လားရှိုးမြို့သည် အထူးဖွံ့ဖြိုးရေး ဒေသကြီးဖြစ်သည်နှင့်လျော်ညီစွာ လားရှိုးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(လားရှိုး)၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)စသည့် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံ မျိုးဆက်သစ်လူငယ်များ ဒေသတွင်း၌ပင် အဆင့်မြင့်ပညာများကို လက်လှမ်းတမီ သင်ယူနိုင်ကြပေပြီ။

ကျန်းမာရေး

ကျန်းမာရေးဘက်တွင်လည်း လားရှိုးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဒေသခံပြည်သူများကို အထူးကုဆရာဝန်ကြီးများ၊ ခေတ်မီစက်ကိရိယာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ လားရှိုးမြို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသိရှိနိုင်ရန် လားရှိုး ခုတင်(၂၀၀)ဆံ့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြတ်ဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ဆေးရုံအုပ်ကြီးက "ကျွန်တော်တို့ ဆေးရုံမှာ တက်ရောက်ကုသနေတဲ့ လူနာတွေကို အခမဲ့ကုသပေးနေပါတယ်။ ခုတင်(၂၀၀)ဆံ့ ဆေးရုံနဲ့လျော်ညီစွာ အထူးကုဆရာဝန်များ၊ ခေတ်မီဆေးဝါးများ၊ စက်ကိရိယာများနဲ့ လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနေပါတယ်။ ကျွန်တော်တို့ ဆေးရုံမှာ တိုင်းမှူးရဲ့ အစီအစဉ်နဲ့ ဆေးပဒေသာပင် လှူဒါန်းထားတာ ရှိပါတယ်။ အဲဒီဆေးပဒေသာပင်က တိုးပွားလာတဲ့ အလှူငွေတွေနဲ့ပေါင်းစပ်ပြီး လူနာတွေကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနေတာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဒေသဖွံ့ဖြိုးရေးအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက်အရ လားရှိုးမြို့ကို ဒုတိယ ပန်းမြို့တော်ဖြစ်ရေး ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ပန်းဝါသနာရှင်များ၊ လုပ်ငန်းရှင်များနှင့် ပန်းစိုက်တောင်သူများက အရှိန်အဟုန်နှင့် ဆောင်ရွက်နေပြီ ဖြစ်သည်။

လားရှိုးမြို့သည် ဟိုတစ်ချိန်က နယ်မြေဒေသ မငြိမ်းချမ်းသဖြင့် ဖွံ့ဖြိုးမှုအားနည်းခဲ့ရသော်လည်း ယခုမူ နယ်မြေဒေသငြိမ်းချမ်းလာပြီး လမ်းပန်းဆက်သွယ်ရေးကလည်း တိုးတက်ကောင်းမွန်လာသည့်အပြင် စီးပွားရေးအနေဖြင့်လည်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံနှင့် တိုက်ရိုက်သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများလည်း ရှိနေပြီဖြစ်သည်။ ကုန်သည်များကလည်း ရင်းနှီးမြှုပ်နှံမှု များစွာထည့်ဝင်လျက် အပြိုင်အဆိုင် ရောင်းဝယ်ဖောက်ကားလာကြသဖြင့် ယခုဆိုလျှင် ကုန်သည်လေးတွေက ကုန်သည်ကြီးတွေဖြစ်လာသလို လက်လုပ် လက်စားလေးတွေကလည်း လုပ်ငန်းရှင်တွေ ဖြစ်လာကြပေပြီ။ ကုန်သွယ်မှုလုပ်ငန်းသာမက စိုက်ပျိုးရေးကဏ္ဍတွင်လည်း စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများ၊ လက်ဖက်စိုက်ခင်းများ၊ ပျားလိမ္မော်စိုက်ခင်းများ၊ နာနတ်ခင်းများက ရှုမဆုံးလောက်အောင်ဖြစ်သည်။ နယ်စွန်နယ်ဖျားဒေသများအထိ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့သဖြင့် ယခင်က သေနတ်သံများနေရာတွင် စာအံသံများကလည်း အစားထိုး နေရာယူနေပြီ ဖြစ်သည်။

လားရှိုးမြို့ လမ်းမတော်လမ်းတွင် လမ်းလယ်ပန်းခုံများ စိုက်ထားခြင်းကလည်း မြန်မာနိုင်ငံ၏ ဒုတိယပန်းမြို့တော် အသွင်သဏ္ဌာန်။ (မြန်မာ့အလင်း)

ယခင်က လျှပ်စစ်မီး အခက်အခဲရှိသော လားရှိုးမြို့သည် ယခုမူ ရွှေလီရေအားလျှပ်စစ်ဖြင့် တစ်မြို့လုံး ထိန်ထိန်လင်းလျက် ရှိနေပါပြီ။ လျှပ်စစ်မီး အလုံအလောက်ရရှိလာသဖြင့် စိုက်ပျိုးရေးတွင်မက စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာပေတော့မည်။ လုပ်ငန်းရှင်များနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများကလည်း စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်နိုင်ရန် ပံ့ပိုးဆောင်ရွက်နေပြီဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သည် ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း သတင်း ခရီးတစ်ထောက် ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



ယင်းမာပင်မြို့နယ် အောင်ဇေယျအိမ်ရာဖွင့်ပွဲအခမ်းအနား တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ် ၂၄ရက်က ကျင်းပသော စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် မုံရွာ-ကလေးဝကားလမ်းနှင့် ယင်းမာပင်-ပုလဲလမ်းဆုံရှိ အောင်ဇေယျအိမ်ရာ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ခေတ္တညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဌေးနိုင်ကလည်း အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ဦးက အောင်ဇေယျအိမ်ရာစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အောင်ဇေယျအိမ်ရာဖွင့်ပွဲ အခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အောင်ဇေယျအိမ်ရာကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံအိမ်တွင်းမှု အထူးသင်တန်းနှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်ပညာ သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ရေဘီတိုင်း ဖျာပုံမြို့၊ ဘိုကလေးမြို့၊ မော်လမြိုင်ကျွန်းမြို့နှင့် လပွတ္တာမြို့တို့၌ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၁)သင်တန်းများကို ဇန်နဝါရီ ၂၅ ရက်မှ ဧပြီ ၃ ရက်အထိ လည်းကောင်း၊ ဖျာပုံမြို့၊ ဘိုကလေးမြို့၊ မော်လမြိုင်ကျွန်းမြို့၊ လပွတ္တာမြို့နယ် ပြင်စလူမြို့နှင့် ဟိုင်းကြီးကျွန်းမြို့နယ် ဒီးဒူးကုန်းကျေးရွာတို့၌ လက်သမား၊ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း အမှတ်စဉ်(၁)သင်တန်းများကို မတ်၁၁ရက်မှ ဧပြီ ၁၀ရက်အထိ လည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းဆင်း

အဆိုပါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၁) နှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်း အမှတ်စဉ်(၁) သင်တန်းများဆင်းပွဲကို ဧရာဝတီတိုင်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ မတ် ၂၈ရက် နံနက်၁၀နာရီက ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၁) လက်သမား၊ ပန်းရန်၊သံချည်သံကွေးအတတ်ပညာသင်တန်း အမှတ်စဉ်(၁)တို့မှ ထူးချွန်ဆုရရှိကြသူများအား ဒုတိယဝန်ကြီးနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းတို့က ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းကိုယ်စားလှယ် အသီးသီးသို့ ပေးအပ်သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခြေခံအိမ်တွင်းမှု အထူးသင်တန်းသူများ၏ စက်ချုပ်လေ့ကျင့်မှုနှင့် သင်တန်းသူများ သင်တန်းကာလအတွင်း ချုပ်လုပ်ထားသည့် အဝတ်အထည်နှင့် လက်မှုပစ္စည်းများကို အားပေးကြည့်ရှုပြီး လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းသားများ၏ လက်တွေ့ ပြုလုပ်မှုနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေးမြို့ရှိ ဘိုကလေးပညာရေးကောလိပ် သင်တန်းခန်းမဆောင်၌ ကျင်းပသော အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၁)**(ဝဲပုံ)**နှင့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်ပညာသင်တန်းအမှတ်စဉ်(၁) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အခြေခံအိမ်တွင်းမှု အထူးသင်တန်းသူများ၏ စက်ချုပ်လေ့ကျင့်မှုနှင့် သင်တန်းသူများ သင်တန်းကာလအတွင်း ချုပ်လုပ်ထားသည့် အဝတ်အထည်နှင့် လက်မှုပစ္စည်းများ၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းသားများ၏ လက်တွေ့ပြုလုပ်မှုနှင့် သင်ထောက်ကူပစ္စည်းများကိုကြည့်ရှုအားပေးကြသည်။

အခြေခံအိမ်တွင်းမှု အထူးသင်တန်းသို့ ဖျာပုံမြို့နှင့် ဘိုကလေးမြို့နယ်များအတွင်းရှိ နာဂစ်မုန်တိုင်း လေဘေးသင့်ကျေးရွာများမှ သင်တန်းသူ ၃၀၊ မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ ၃၀ စုစုပေါင်းသင်တန်းသူ ၆၀စီ တက်ရောက်အောင်မြင်ခဲ့ပြီး လက်သမား၊ပန်းရန်၊ သံချည်သံကွေးအတတ်ပညာ သင်တန်းတွင် ဖျာပုံမြို့၌ နာဂစ်မုန်တိုင်း သင့်ဒေသကျေးရွာများမှ သင်တန်းသား ၃၉ဦး၊ မြို့ပေါ်မှ ၁၁ဦး စုစုပေါင်း သင်တန်းသား ၅၀၊ ဘိုကလေးမြို့၌ နာဂစ်မုန်တိုင်း သင့်ဒေသ ကျေးရွာများမှ သင်တန်းသား ၂၅ဦး၊ မြို့ပေါ်မှ၂၅ဦး စုစုပေါင်း သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများ စားသောက်နေထိုင်ရေးနှင့် သင်တန်းသုံးပစ္စည်းအားလုံး အခမဲ့ဖြစ်ကြောင်းနှင့် ယခုသင်တန်းများ တက်ရောက်အောင်မြင်ပြီးသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ရရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

နွားထိုးကြီး၌ ဆည်ရေဖြင့် နွေစပါးစိုက်ပျိုး

နွားထိုးကြီးမြို့နယ်၌ နွေစပါးကို ပြောင်းပြန်ဆည်ရေနှင့် ဇီးတောဆည်ရေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာ မတ် ၂၁ရက်ကမြေယာပြုပြင်မှု ထွန်ယက်ရေး အတွက် ဆည်ရေများ လွှတ်ပေးနေပြီး ပြောင်းပြန်ဆည်ရေဖြင့် ဧက ၁၂၀၊ ဇီးတော ဆည်ရေဖြင့် ဧက ၁၁၀စိုက်ပျိုးရာ လျာထားချက်နွေစပါးဧက ပြည့်မီကျော်လွန်ရေး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းကော်မတီဝင်များ ကွင်းဆင်းကြီးကြပ်ပေးကြသည်။ (၀၉၂)

မြစ်ကြီးနား၌ မြို့သန့်ရှင်းသာယာရေးဆောင်ရွက်

*မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မြို့သန့်ရှင်းသာယာ လှပစေရန် ဖေဖော်ဝါရီ ၁၀ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ကြီးကြပ် လျက် ဝန်ထမ်းများအဖွဲ့ခွဲကာ ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းပန်းပေါင်းအမှတ် (၁)မှ (၈၃)အထိ မြေယာရှင်းပြုပြင်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ ပျိုးဥယျာဉ်မှ ပျိုးပင်များ ပြောင်းရွှေ့စိုက်ပျိုးခြင်းကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြား ရေးမှူးဦးဇော်မိုးက ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)***

ညောင်ရွှေမြို့၌ သစ်သီးအလှဖော်သင်တန်းဖွင့်

ညောင်ရွှေမြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်သည့် သစ်သီးအလှဖော် သင်တန်းကို မတ် ၂၄ရက် နံနက် ၉နာရီကဖွင့်လှစ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်ဖြူဝင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဒေါ်လှဲလှဲခွန်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို မတ် ၂၈ရက်အထိ ဖွင့်လှစ်ခဲ့သည်။ (၀၂၁)

ဝိုင်းမော်၌ ရေပေးရေးလုပ်ငန်းဖွင့်

*ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်း ဆောင်ရွက်ပြီးစီးသည့် မိုင်းနားကျေးရွာအုပ်စု စိမ့်စမ်းရေသွယ်ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို မတ် ၂၃ ရက် နံနက်၈နာရီက အဆိုပါကျေးရွာအုပ်စု မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို တက်ရောက် အားပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖ ဦးကျော်ငြိမ်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၀၀၁)***

အရာတော်မြို့နယ်၌ အခြေခံမီးသတ်သင်တန်းဖွင့်

***မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့စခန်းက ကြီးမှူးဖွင့်လှစ်သော အခြေခံ မီးသတ်သင်တန်းအမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက်က ဝါးတန်း ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ တပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီးဝင်းနိုင်၊ စစ်ကိုင်းတိုင်းမီးသတ်တပ်ဖွဲ့ တိုင်းဦးစီးမှူးဦးအောင်မင်း၊ မြို့နယ် အတွင်းရေးမှူးဦးထွန်းနေစိုးတို့က အမှာစကားပြောကြားကြသည်။**(မြို့နယ် ပြန်/ဆက်)*

မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

*ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ်၁၃ရက်က လေယာဉ်ကွင်းလမ်း တစ်လျှောက် လမ်းဘေးဝဲယာတွင် သန့်ရှင်းရေးဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(သန့်)ဦးသိုက်ဦးဝင်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)***

ဖလမ်း၌ ကတ္တရာခင်းရန် ကျောက်စုဆောင်းပြီးစီး

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက် တစ်မိုင် ဘုန်းကြီးကျောင်းလမ်း ကတ္တရာခင်း ဆောင်ရွက်ရန် ကျောက်စုဆောင်းမှုကို အမှုဆောင် အရာရှိ ဦးထလာဟာရဲနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလာလ်ဟုပ်ထန်းတို့ ဦးဆောင် ကြီးကြပ်ရာ ဖေဖော်ဝါရီ ၂၂ ရက်က ဆောင်ရွက်ပြီးစီးခဲ့သည်။ *(ခရိုင် ပြန်/ဆက်)*

ပန်ဆောင်မြို့ဈေး၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

*စစ်ကိုင်းတိုင်း ပန်ဆောင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း ဈေး စည်းကမ်းနှင့်အညီ ရောင်းချနေမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ဖေဖော်ဝါရီ ၂၄ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။ **(ပြည်နယ်စည်ပင်)***

သီပေါမြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးကြီး အတွင်း သန့်ရှင်းမှုရှိစေရေးနှင့် ဈေးအတွင်းအမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေးအတွက် ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မတ် ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် ဒုတိယ ဦးစီးမှူး(ဈေး) ဦးသက်ဇော်ထွန်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။ *(၀၂၀)*

ရေစကြို၌ စာဖတ်သူတိုးပွားရေး ပညာပေးဟောပြော

ရေစကြို ဧပြီ ၅

မကွေးတိုင်း ရေစကြိုမြို့တောင်လက်ပခန်းဒေသကျေးရွာအုပ်စုများဖြစ်ကြသော ဆင်ချောင်း-ဇီးကုန်း-ရသာ-ကိုရင့်-မောက္ကလံ-ပေါင်လောင်-ကြူရွာ-ကျွန်းလှရင်-အလယ်သောင် ကျေးရွာအုပ်စုများသို့ မတ် ၂၀ ရက်က ရေစကြိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းယုမော်နှင့် ဝန်ထမ်းများ ကျေးရွာများအရောက် ကွင်းဆင်းလျက် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်သူ၊ စာကြည့်သူတိုးပွားရေး ပညာပေးဆွေးနွေးဟောပြောကြသည်။ (၀၆၉)

ပြင်ဦးလွင်၌ ငှက်ဖျားရောဂါအကြောင်း ပညာပေးဟောပြော

ပြင်ဦးလွင် ဧပြီ ၅

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မျိုးဆက်ပွား၊ သားဆက်ခြား ကျန်းမာရေးပညာပေးနှင့် တီဘီ၊ အနာကြီး၊ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲကို မတ်၂၃ရက် နံနက်၁၀နာရီက ပဒေသာကွက်သစ် ရပ်ကွက်ကြီး(၁၀) ပဒေသာခန်းမ၌ ကျင်းပရာ မြို့နယ်ဒုတိယဦးစီးမှူးဒေါ်မြင့်မြင့်ကြည်က မျိုးဆက်ပြန့်ပွား၊ သားဆက်ခြား၊တီဘီ၊ အနာကြီးရောဂါနှင့် ငှက်ဖျားရောဂါများမဖြစ်နိုင်ရေး ကာကွယ်ပုံကာကွယ်နည်းများ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူတို့က အလှည့်ကျ ပညာပေးဟောပြောကြသည်။ **(၀၈၈)**

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ဓောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၇၆ သန်း ထုတ်လုပ်ပေး

နေပြည်တော် ဧပြီ ၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဧပြီ ၃ရက်က ဓောင်းတူရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက ဆွေးနွေးမှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဓောင်းတူဆည် ရေဝင်ရောက်မှုနှင့် ရေကျန်ရှိမှုအခြေအနေ၊ ရေထိန်းတံခါး ရေပိုလွှဲများ စက်တပ်ဆင်မှု စမ်းသပ်မှု အခြေအနေ၊ စက်ရုံအတွင်း ဓာတ်အားပေးစက်မောင်းနှင်ထုတ်လုပ်မှုနှင့် ဓာတ်အားပေးထိန်းချုပ်ခန်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံ ဝန်ထမ်းများနှင့်တွေ့ဆုံရာ စက်ရုံမှူးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က စက်ရုံ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်ရုံဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါဓောင်းတူ ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၀ ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၇၆သန်း ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ (၇၂)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်း တည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ တည်ထောင်သောနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ (၇၂)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကား

အစီအစဉ်အရ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွဲ့စတင်တည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝန်ထမ်းလုပ်သက် နှစ် ၃၀ ပြည့်သူများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများ၊ ဝန်ထမ်းကျင့်ဝတ် ရေးဖြေစာမေးပွဲ ထူးချွန်ဆုများ၊ သင်တန်းထူးချွန်ဆုများ၊ အားကစားထူးချွန်ဆုများ၊ အိမ်ရာ စိုက်ပျိုးရေးနှင့် သန့်ရှင်းရေးဆုရရှိသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော မိသားစုဝင်များအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ (၇၂)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်း တည်ထောင်သောနေ့ (Foundation Day) အထိမ်းအမှတ် အခမ်းအနားတွင် ဝန်ထမ်းလုပ်သက် နှစ်၃၀ ပြည့်သူများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများ၊ ဝန်ထမ်းကျင့်ဝတ် ရေးဖြေစာမေးပွဲ ထူးချွန်ဆုများ၊ သင်တန်းထူးချွန်ဆုများ၊ အားကစားထူးချွန်ဆုများ၊ အိမ်ရာ စိုက်ပျိုးရေးနှင့် သန့်ရှင်းရေးဆုရရှိသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော မိသားစုဝင်များအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသ

လားရှိုး ဧပြီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းသည် ခရိုင် စိုက်ပျိုးရေးကြီးကြပ်သည့်နှိုင်းမှုအဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၂၀ ရက်က လားရှိုး ခရိုင် သိန်းနီမြို့နယ် တောင်သူ ၁၃ ဦး တို့၏ နွေစပါးစိုက်ဧက ၂၅ ဧကတွင် ခေတ်မီကောက်စိုက်စက်များဖြင့် လက်တွေ့ စိုက်ပျိုးပြပွဲ အခမ်းအနားသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

အဆိုပါ လားရှိုးခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင်နွေစပါး၈၂၉၂ဧက အပြည့် အဝ စိုက်ပျိုးမည်ဖြစ်ပြီး နည်းပညာပေး စံပြစိုက်ကွက်များအဖြစ် ဧက ၅၇၀ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မတ်၂၈ ရက်က စိုက်ပျိုးဧကအားလုံး ထွန်တုံး ပိတ်သိမ်းနိုင်ရေးစီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ (၀၂၆)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုး များပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ➢ ရေကို ကျိုချက်၍သောက်ပါ။
- ➢ ယင်နားစာများ မစားပါနှင့်။
- ➢ ယင်လုံအိမ်သာ အသုံးပြုပါ။
- ➢ အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- ➢ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- ➢ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရေစကြိုမြို့နယ်တွင် နွေမြေပဲနှင့် နွေနှမ်းစိုက်ခင်းများအောင်မြင် ဒေသခံတောင်သူများ တစ်ဧကငွေကျပ် နှစ်သိန်း အမြတ်ရ

ရေစကြို ဧပြီ ၅

မကွေးတိုင်း ရေစကြိုမြို့နယ်၏ ဒေသစားသုံးဆီ ဖူလုံရေးအတွက် ဆောင်းမြေပဲ၊ မိုးမြေပဲနှင့်နှမ်းနေကြာသီးနှံများ အလေးထား စိုက်ပျိုးလျက်ရှိရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ နယ်မြေတာဝန်ခံ ဦးသန်းစိန်တို့သည် မတ် ၁၈ရက်က မိုးကွဲကျေးရွာအုပ်စု ချင်းယားကျေးရွာ ကွင်းအမှတ် ၁၄၅/၂၀၅၈/၁၄၄ကွင်းရှိ ချင်းတွင်းမြစ်သဲသောင်ပြင်တွင် တောင်သူဦးညို၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေမြေပဲစိုက်ခင်းနှင့် နွေနှမ်းစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများအား ပညာပေးဆွေးနွေးကြသည်။

အဆိုပါသဲမြေသောင်တွင် တောင်သူ ၃၂ဦးတို့ စိုက်ပျိုးလုပ်ကိုင်ပြီး တစ်ဧကလျှင် တင်း၁၈၀ထွက်ရှိကြောင်း သက်တမ်းနှစ်လခွဲသာ ကြာမြင့်ကြောင်းနှင့် ဒေသခံ တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ်၂၀၀၀၀၀ခန့် အကျိုးအမြတ် ရရှိကြောင်း သိရသည်။

စိုက်ပျိုးထား

ရေစကြိုမြို့နယ်တွင် မိုးမြေပဲ၊ ဆောင်းမြေပဲများကို ပုံမှန်စိုက်ပျိုးရာမှ တောင်သူများအနေဖြင့် ဒေသဆီဖူလုံရေးအတွက် နွေမြေပဲကို တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။ ယခုနှစ်တွင် ကျေးရွာအုပ်စု ၁၈အုပ်စုတို့မှ နွေမြေပဲ ၅၉၂ဧက တိုးချဲ့စိုက်ပျိုးထားကြောင်းနှင့် ကျေးရွာအုပ်စု ၄၆ အုပ်စုတို့မှ နွေနှမ်း ၆၉၇၄ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၀၆၉)

မိုးကောင်း၌ တိုက်နယ်ပြည်သူ့ဆေးရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်

မိုးကောင်း ဧပြီ ၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ပြီးစီးသည့် နမ္မတီးကျေးရွာအုပ်စု တိုက်နယ်ပြည်သူ့ဆေးရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲကို မတ်၂၅ရက် နံနက်၉နာရီက အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသန်းစိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (၀၀၁)

ညောင်ရွှေ၌ မတ်လအောင်ပွဲ လက်ကမ်းစာစောင်ထုတ်ဝေ

ညောင်ရွှေ ဧပြီ ၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ်၂၄ရက်က ညောင်ရွှေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မတ်လအောင်ပွဲအမည်ရှိ လက်ကမ်းစာစောင်ကို မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ များသို့ အခမဲ့ထုတ်ဝေဖြန့်ချိခဲ့ကြောင်း သိရသည်။

(၀၂၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ရာဇုဒိုင်တံတားအမှတ်(၁) ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့်အဖွဲ့ဝင်များလိုက်ပါလျက် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပိုးလောင်း-ပြင်စလူကားလမ်း ဖောက်လုပ်နေမှုနှင့်ရေငန်တားတာများ တည်ဆောက်ထားမှုတို့ကို ရဟတ်ယာဉ်ဖြင့်ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာသို့ ရောက်ရှိရာ လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး နွားစွန့်ပစ်ပစ္စည်းနှင့် အိမ်သုံးဆားတို့ပေါင်းစပ် အသုံးပြုထားသည့် ဘိုင်အိုဘက်ထရီဖြင့် မီးထွန်းနိုင်မှုကို ရှင်းလင်းပြသသည်။

ပေါင်းစည်းလယ်ယာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူရေး၊ ၂၀၁၀ပြည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးဆိုင်ရာ ဆရာ ဆရာမများသည် မိမိတို့၏ တပည့်များကို ပညာတတ်များဖြစ်ရုံသာမက ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် တရားဥပဒေများလိုက်နာရေး၊ ကိုယ်ကျင့်တရားကောင်းသူများဖြစ်ရေးနှင့် ငယ်ရွယ်စဉ်ကပင် ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ကိန်းအောင်းနေစေရန် လေ့ကျင့်ပေးရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများသည် အမျိုးသားကျန်းမာရေး ရည်မှန်းချက်ဖြစ်သော လူတိုင်းအနာရောဂါကင်းရှင်းပြီး အသက်ရှည်စွာ နေနိုင်ရေးကို အကောင်အထည်ဖော်ရာတွင် ဆေးရုံသို့ရောက်ရှိလာသည့် လူနာများအား ဆေးကုသပေးရုံဖြင့် မလုံလောက်ဘဲ ကျေးရွာများအထိ ကွင်းဆင်းကာ ကျန်းမာရေး အသိပညာပေးရေး၊ ရောဂါမဖြစ်ပွားစေရန် ကာကွယ်နည်းများ သင်ကြားပေးရေး စသည်တို့ကို မှာကြားသည်။ ရပ်မိရပ်ဖများနှင့် ကျေးရွာဥက္ကဋ္ဌအားအုန်း၊ ကွမ်းသီးနှင့် ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် ပေါင်းစည်း လယ်ယာစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကိုလည်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပါမောက္ခဒေါက်တာဦးစောဆိုင်မွန်သာက ကျေးရွာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီပေးခဲ့သည့် အခြေခံကောင်းများကိုအခြေခံပြီး မိမိတို့ ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ဒေသစွဲ၊ လူမျိုးစွဲမထားဘဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြန်မာဘာသာ၊ ကရင်ဘာသာတို့ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်သွယ်ရေး

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကျေးရွာနေပြည်သူများ မိမိတို့၏ စီးပွားရေး၊ လူမှုရေးစသည့် လုပ်ငန်းများကို အနယ်နယ် အရပ်ရပ်သို့ ဆက်သွယ်ပြောဆိုနိုင်ရန် တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက် ဆောင်ရွက်ပေးထားမှု၊ အဆိုပါတယ်လီဖုန်းဆက်သွယ်ရေးမှသည် အချို့ကျေးရွာများတွင် ကွန်ပျူတာနှင့် တွဲဖက်ပြီး သတင်းစာများဖတ်ရှုနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများကကျေးရွာအတွက်မီးစက်များ၊ မီးချောင်းများ၊ ဆိုလာမီးအိမ်များ၊ စောင်များ၊ စိုက်ပျိုးရေး လက်သုံးကိရိယာများ၊ စားသောက်ဖွယ်ရာများနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ထောက်ပံ့ပေးအပ်ကြရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း CDMA-450 ရေဒီယိုစခန်း စီမံကိန်းအဆောက်အအုံ ဆောက်လုပ်နေသည့် နေရာကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းပြသသည်။

လူနေအိမ်များ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးလက်ကျန်းမာရေးဌာန၊ လူနေအိမ်များ စနစ်တကျ အကွက်ချတည်ဆောက်ထားမှု၊ အိမ်ခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှု၊ ရေရရှိရေး ဆောင်ရွက်ထားမှုနှင့် အများသုံးတယ်လီဖုန်း ဆက်သွယ်ပြောဆိုနိုင်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြင်စလူမြို့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သိပ္ပံကုန်းကြီးကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ထပ်မံကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာလာရာ ပြင်စလူမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့၌ မက်စ်မြန်မာ ကုမ္ပဏီလီမိတက်က တည်ဆောက်နေသော အသက်ကယ်ကုန်းမြင့်နှင့် Cyclone Shelter တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အသက်ကယ်ကုန်းမြင့်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်နေသော Cyclone Shelter နှင့် အသက်ကယ်ကုန်းမြင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာအတွက် ဆိုလာမီးအိမ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြင်စလူမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနက ဖွင့်လှစ်ထားသော လက်သမား၊ ပန်းရန်၊ သံချည်သံကွေး အတတ်ပညာသင်တန်းသို့ သင်တန်း သားများ တက်ရောက်သင်ကြားနေမှုနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

တတ်မြောက်ရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားများအား လက်တွေ့အဆောက်အအုံများဆောက်လုပ်နိုင်သည့်အဆင့်အထိ တတ်မြောက်ရေးသင်ကြားပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လပွတ္တာမြို့ (၃)မိုင် မြို့ကွက်သစ်စီမံကိန်းသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က မြေကွက်ဖော်ထုတ်မှု၊ လမ်းများဖော်ထုတ်မှုနှင့် မြေသားလမ်း ဖောက်လုပ်ထားရှိမှု၊ မိုးရေလှောင်ကန်ဆောင်ရွက်မည့် အခြေအနေ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံနှင့် အစိုးရရုံးများ ဆောက်လုပ်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လပွတ္တာမြို့ (၃)မိုင်မြို့သစ်စီမံကိန်းလုပ်ငန်းခွင်ရှိ ခုတင်(၂၀၀)ဆံ့ဆေးရုံတည်ဆောက်မည့်နေရာနှင့် နေအိမ်များ၊ ရုံးများ မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဓာတ်အားခွဲရုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာဓာတ်အားခွဲရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်က ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လပွတ္တာမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာတွင် ကျေးရွာနေပြည်သူများ စီးပွားရေး၊ လူမှုရေးစသည့် လုပ်ငန်းများကို အနယ်နယ် အရပ်ရပ်သို့ ဆက်သွယ်ပြောဆိုနိုင်ရန် အများသုံးတယ်လီဖုန်း ထားရှိဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် ပြင်စလူမြို့၌ အခြေခံ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က တည်ဆောက်နေသော Cyclone Shelter နှင့် အသက်ကယ်ကုန်းမြင့် တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မွန်၊ တနင်္သာရီ၊ ကရင် ကိုယ်စားပြု Southern Myanmar F.C ကစားသမား ၁၇ ဦး ထပ်မံစာချုပ်ချုပ်ဆို ခေါ်ယူ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

ရန်ကုန် ဧပြီ ၅

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏ အပြောင်းအရွှေ့ စာချုပ်လက်မှတ်ရေးထိုးခြင်းများကို ဧပြီ ၄ရက်က ဆက်လက်ကျင်းပခဲ့ရာ မွန်၊ တနင်္သာရီနှင့် ကရင် ကိုယ်စားပြုယှဉ်ပြိုင်မည့် Southern Myanmar F.C မှ ကစားသမား ၁၇ဦးတို့အား စာချုပ် ထပ်မံချုပ်ဆိုခဲ့သည်။

Southern Myanmar အသင်းမှာ ဒုတိယမြောက် ကစားသမားများ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဧပြီ၂ရက်က ကစားသမား သုံးဦးခေါ်ယူထားပြီး ဖြစ်ရာ စာချုပ်ချုပ်ဆိုပြီးသွားသူ ၂၀ ရှိသွားပြီဖြစ်သည်။ ယခု ထပ်မံခေါ်ယူခဲ့သော ကစားသမား ၁၇ ဦးတွင် ပို့ဆောင်ရေးမှ လေးဦး၊ လယ်ယာ/ ဆည်မြောင်းနှင့် သစ်တောရေးရာမှ သုံးဦးစီ၊ မြန်မာ့မီးရထားမှ နှစ်ဦး၊ ဘဏ္ဍာ/အခွန်၊ စီးပွား/ကူးသန်း၊ Air Bagan ၊ စွမ်းအင်နှင့် ပြည်ထဲရေးတို့မှတစ်ဦးစီပါဝင်ကြသည်။ Southern Myanmar F.C မှာ လူငယ်ကစားသမားများကိုသာ ခေါ်ယူထားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် အသင်းကို အထောက်အကူပြုနိုင်ရန် အတွက် ယခုကဲ့သို့ လူငယ်များကိုခေါ်ယူရခြင်းဖြစ်ကြောင်း သိရသည်။

လက်မှတ်ထိုးကြေး

ထပ်မံခေါ်ယူခဲ့သော ကစားသမားများမှာ သစ်တောရေးရာမှ စံမျိုးဦး၊ နိုင်လင်းဦး၊ လယ်ယာ/ဆည်မြောင်းမှ ဇေယျာလင်း၊ သန့်ဇင်ဦး၊ ရန်မျိုးအောင်၊ မြန်မာ့မီးရထားမှ ဗညားဦးနှင့် ကျော်သူအောင်၊ ပို့ဆောင်ရေးမှ စိုးမြတ်သူနှင့် ဇော်ဝင်းထွဋ်၊ စီးပွား/ကူးသန်းမှ အောင်ရဲထွဋ်၊ ဘဏ္ဍာ/အခွန်မှ သိန်းစိုးမင်း၊ Air Baganမှ ဝေလင်း၊ စွမ်းအင်မှ ကိုကိုမောင်၊ ပြည်ထဲရေးမှ ဟန်ထွန်းတို့ကို လက်မှတ်ထိုးကြေး ကျပ်ငါးသိန်းစီ၊ လစာကျပ် သုံးသိန်းစီ၊ ပို့ဆောင်ရေးမှ ပြည့်ဖြိုးအောင်နှင့် ကျော်မင်းထိုက်၊ သစ်တောရေးရာမှ ဇာနည်မင်းတို့ကို လက်မှတ်ထိုးကြေး ကျပ်လေးသိန်းစီ၊ လစာ ကျပ်နှစ်သိန်းစီဖြင့် ခေါ်ယူထားခြင်းဖြစ်သည်။ခေါ်ယူပြီးသော ကစားသမား ၂၀အတွက် လက်မှတ်ထိုးကြေးကျပ် ၉၇သိန်း အသုံးပြုထားပြီး လစာမှာ တစ်လလျှင် ကျပ် ၅၇သိန်းရှိကြောင်း သိရသည်။

Southern Myanmar အသင်းမှာ နောက်ထပ်ကစားသမားသုံးဦး ခေါ်ယူသွားမည်ဖြစ်ပြီး အသင်းကို ၂၃ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

Southern Myanmar F.C နှင့် လူငယ်လက်ရွေးစင်ဟောင်း ဝေလင်း စာချုပ်ချုပ်ဆိုစဉ်။

ဗညားဦး စာချုပ်ချုပ်ဆိုစဉ်။

Southern Myanmar F.C ခေါ်ယူထားသောကစားသမားများ

အမည်	ယခင်အသင်း	လက်မှတ်ထိုးကြေး ကျပ်သိန်း	လစာကျပ်သိန်း
မျိုးလှိုင်ဦး	စီးပွား/ကူးသန်းအသင်း	၅	၃
နေလင်းထိုက်	မြို့တော်စည်ပင်	၅	၃
ဘီဂျိမ်းထွေး	ဆက်သွယ်ရေး	၅	၃
အောင်ရဲထွဋ်	စီးပွား/ကူးသန်း	၅	၃
သိန်းစိုးမင်း	ဘဏ္ဍာ/အခွန်	၅	၃
ဝေလင်း	Air Bagan	၅	၃
ကိုကိုမောင်	စွမ်းအင်	၅	၃
ကျော်သူအောင်	မြန်မာ့မီးရထား	၅	၃
ဗညားဦး	မြန်မာ့မီးရထား	၅	၃
ဟန်ထွန်း	ပြည်ထဲရေး	၅	၃
ရန်မျိုးအောင်	လယ်ယာ/ဆည်မြောင်း	၅	၃
သန့်ဇင်ဦး	လယ်ယာ/ဆည်မြောင်း	၅	၃
ဇေယျာလင်း	လယ်ယာ/ဆည်မြောင်း	၅	၃
နိုင်လင်းဦး	သစ်တော	၅	၃
စံမျိုးဦး	သစ်တော	၅	၃
ဇော်ဝင်းထွဋ်	ပို့ဆောင်ရေး	၅	၃
စိုးမြတ်သူ	ပို့ဆောင်ရေး	၅	၃
ပြည့်ဖြိုးအောင်	ပို့ဆောင်ရေး	၄	၂
ကျော်မင်းထိုက်	ပို့ဆောင်ရေး	၄	၂
ဇာနည်မင်း	သစ်တော	၄	၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အားကစားထူးချွန်ဆုရသူများဂုဏ်ပြု

ရန်ကုန် ဧပြီ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း အားကစားထူးချွန်ဆုရသူများ ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဧပြီ ၄ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ) စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်း တက်ရောက်အားပေးသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး အဆင့်မြင့်တန်း ကွင်းပိတ် ရှုံးထွက် အောင်ဆန်းဒိုင်းပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းမှ အားကစားသမား ၂၅ဦးအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ကျေးဇူးတင်စကား

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းတို့က ထူးချွန်ဆုရ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ စက်ဘီး၊ ဝူရှူးနှင့် မသန်စွမ်း အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဘောလုံးအသင်း ခေါင်းဆောင် အကောက်ခွန်မှူး ဦးစိုးမြတ်မင်းက ကျေးဇူးတင်စကား ပြောကြားသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ဝန်ကြီးနှင့် ဇနီးတို့က ထူးချွန်အားကစားသမားများ၊ အသင်းနည်းပြများနှင့် အသင်းအုပ်ချုပ်သူများအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၌ အနုပညာဦးစီးဌာနမှ အငြိမ့်ဖျော်ဖြေတင်ဆက်

နေပြည်တော် ဧပြီ ၅

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဝန်ထမ်းများ၊ ပြည်သူများ စိတ်ချမ်းသာပျော်ရွှင်ချမ်းမြေ့စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အငြိမ့်သဘင်ဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ရှေ့ထွက်မင်းသမီး ခိုင်မာလွင်၊ အလယ်ထွက် မင်းသမီး အိအိလင်း၊ ခေါင်းဆောင်မင်းသမီး ဝိုင်းချစ်ချစ်အောင်၊ လူရွှင်တော် ဝမ်းတူး၊ အာပြဲ၊ ဒိုးလေး၊ ရောင်နီနှင့် ရွာစားကျော်ဆန်းဝင်းတို့ ပါဝင်သော မြန်မာ့ရိုးရာယဉ်ကျေးမှု "ရွှေမြန်မာအငြိမ့်"အဖွဲ့သည် ယမန်နေ့ည ၇နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၌ အကပဒေသာများ၊ တေးသံသာများနှင့် အငြိမ့်အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက် ကပြခဲ့သည်။

ယင်းဖျော်ဖြေတင်ဆက်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဦးစိုးဦး၊ဦးညီထွန်း၊ဦးကျော်အောင်၊ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း MIFFA ၏ ငါးကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၄ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပသည်။

အတည်ပြုချက်ရယူ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း MIFFA ၏ ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်**(ယာပုံ)**က အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းအထွေထွေအတွင်းရေးမှူး ဒေါ်သစ်သစ်ထက်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အထိ ငွေစာရင်းရှင်းတမ်းနှင့် အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးအောင်ခင်မြင့်ကနိဂုံးချုပ်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖို သုံးစွဲပြီးပါက မီးကြွင်း၊ မီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆဘဲ အထူးသတိပြု သုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ဧပြီ ၁ရက်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင် (၁)သို့ မန္တလေးမြို့ ၂၉လမ်း၊ ၇၁×၇၂ လမ်း ရွှေလှရပ်နေ ဦးမြမောင်-ဒေါ်ခင်တုပ်၊ သမီးဒေါ်သိုက်သိုက်စုနှင့် သားသမီးများ(ပညာပန်းတိုင်ပညာရေး) မိသားစုက ငွေကျပ် ၂၇၀၀၀၀တန်ဖိုးရှိ ချွဲစုပ်စက်နှင့် အလှူငွေကျပ် ၅၀၀၀၀ကို မတ် ၃၀ရက်က လှူဒါန်းရာ ပါမောက္ခဌာနမှူး ဆေးပညာဌာန ဒေါက်တာအောင်ကြီးနှင့် ကထိက ဒေါက်တာစိန်လှထွေးတို့က လက်ခံယူစဉ်။

(ကျန်းမာရေး)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကျန်းမာရေးအတွက် အရေးကြုံလျှင်

ဒေါက်တာခင်မောင်လွင်

ကျွန်တော်တို့သည် ၂၀၀၈ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အတွက် ရည်ညွှန်း၍ ""ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးအတွက် သတိပြု"" ဆောင်ပုဒ်ကို ပြုစုခဲ့ကြပါသည်။ "Protecting Health from Climate Change" ဟူသော အင်္ဂလိပ်ဆောင်ပုဒ်ကို ဆီလျော်အောင် မြန်မာမှုပြု၍ တစ်နိုင်ငံလုံးသို့ ဖြန့်ဝေခဲ့ပါသည်။ အင်္ဂလိပ်လို "Protect"ဆိုသော စကားလုံးနေရာတွင် မြန်မာလို ""သတိပြု""ဟု အစားထိုးခဲ့ကြပါသည်။သတိပြုခြင်း၊ သတိထားခြင်း၊ သတိရှိခြင်း၊ (တစ်နည်းအားဖြင့်) "awareness" မှသည် "mindfulness" အထိ သွားဖို့ ရည်ရွယ်ခြင်းဖြစ်ပါသည်။

၂၀၀၈ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့တွင်လည်း နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာန၌ အခမ်းအနားကျင်းပခဲ့ကြရုံသာမက ပညာရှင်များအားဖိတ်ခေါ်၍ နှီးနှောဖလှယ်ပွဲတစ်ခုလည်း ပြုလုပ်ခဲ့ကြပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံးမှ Dr. Hans၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့်အတူ မိုးလေဝသနှင့်ဇလဗေဒဌာနမှ ပညာရှင်တစ်ဦးကပါ မိမိတို့အတွေ့အကြုံများကို ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ဆွေးနွေးပွဲအပြီးတွင် မိုးလေဝသအခြေအနေများ၊ အပြောင်းအလဲများကို ကျန်းမာရေးဝန်ထမ်းများသို့ ပေးပို့နိုင်မည့် သတင်းကွန်ရက်တစ်ခုစုဖွဲ့ရန် ထောက်ခံခဲ့ကြပါသည်။ ထိုနေ့မှာ ၂၀၀၈ခုနှစ် ဧပြီလ ၇ရက်နေ့ ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးနေ့အပြီး သင်္ကြန်ရုံးပိတ်ရက်ရှည်နှင့်တိုက်ဆိုင်နေသဖြင့် ကျန်းမာရေးနှင့် ရာသီဥတု ဆက်စပ်မှုပညာပေးလုပ်ငန်းများသည် လူတို့၏ အာရုံထဲတွင် စူးစိုက်ဝင်ရောက်နိုင်ခြင်းမရှိခဲ့ပါ။ လူတို့ အမှတ်တမဲ့ ရှိနေစဉ်ကာလမှာပင် နာဂစ်မုန်တိုင်းကြီးသည် ဆိုင်းမဆင့် ဗုံမပါဘဲ ဝင်ရောက်လာခဲ့ပါတော့သည်။ ကျွန်တော်တို့သည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်မည့်ရောဂါများကို စဉ်းစားနေကြဆဲမှာပင် ရောဂါတွေကိုကျော်လျက် ""နာခြင်း"" တည်းဟူသော ""ဗျာဓိ"" ကို ကျော်လျက် ""မရဏ"" ဆိုသော သေခြင်းတရားသည် လူထောင်ပေါင်းများစွာကို ခေါ်ဆောင်သွားခဲ့ပါသည်။

ကျွန်တော်တို့ ကျောင်းသားဘဝက တေးသရုပ်ဖော် ပြဇာတ်အဖြစ် တင်ဆက်ခဲ့သော ""ကိသာဂေါတမီ"" ဇာတ်တွင်ပါရှိသည့် ဇာတ်အခင်းစာသားများကိုသတိရမိတော့သည်။ ဗိုလ်ကလေးတင့်အောင်နှင့်မောင်ကိုကိုတို့ညီအစ်ကို စီစဉ်သောထိုဇာတ်တွင် တစ်ဟုန်တည်းစီးဆင်းသော ယမားရေအလျဉ်သည် အိပ်ပျော်နေကြသော တစ်ရွာလုံးကို မိမိစွမ်းဟုန်ဖြင့် အကုန်တိုက်ဖျက်ယူဆောင်ကာ သွားလေဘိသကဲ့သို့ ထိုနည်းတူစွာ ညာတာခြင်းကင်းမဲ့သော အရှင်သေမင်းသည် ငါ့သမီး၊ ငါ့သား၊ ငါ့ကျွဲ၊ ငါ့နွား၊ ငါ့ပစ္စည်းများဟု ပုထုဇဉ်လူသားတို့ တွယ်တာယစ်မူး မြူးတူးပျော်ပါးနေဆဲမှာပင် ရုတ်ခြည်း ယူဆောင်သွားလေ့ရှိသည်"" ဟူသော ဇာတ်နောက်ခံစကားဥပမာနှင့် တစ်ထပ်တည်းတူသော အဖြစ်အပျက်တစ်ခု မြန်မာပြည်မှာ ဖြစ်ပျက်၍လာခဲ့ပါသည်။

ဇာတ်ဆရာကြီး နှစ်ဦးသည် မဟာမြိုင်တောကြီးအတွင်း၌ သဘာဝအလျောက် ရာသီဥတုအလိုက်ဖြစ်တတ်သော ယမားချောင်းများ၏ သဘာဝနှင့် သေမင်းကိုတင်စားခဲ့ပါသည်။ ထိုအဖြစ်အပျက်မျိုး မိမိတို့ဇာတိ ဘိုကလေးမြို့နားမှာ မြစ်ဝကျွန်းပေါ်ဒေသသားတွေရဲ့ ဘဝထဲမှာ ရုတ်တရက် ရေနက်နစ်ရသည့် အဖြစ်မျိုးကို သူတို့ စိတ်ကူးပင် မထည့်ခဲ့ကြပါ။ လှိုင်းဦး လေဦးကို အလူးအလဲခံရဖူးသော ရခိုင်နှင့်ဧရာဝတီသားများ၏ရာဇဝင်တွင် ""လေတိုက်၍ ရေနစ်သေ""ရသော ဝေါဟာရ မရှိခဲ့ကြပါ။ လေတိုက်လျှင် လေကိုရှောင်မည်၊ ပြေးမည်၊ လေနှင့်အတူပါလာမည့် ပစ္စည်းများနှင့် မထိခိုက်အောင် အကာအကွယ်ယူမည်။ ဤမျှထက် မပိုပါ။ ပိုစရာလည်း မလိုပါ။

""နာဂစ်"" ကား ဤသို့မဟုတ်။ ပင်လယ်ကြီးကို မ၍ လူနေမြို့ရွာများပေါ်သို့ ပစ်ချလိုက်သကဲ့သို့ ရက်ရက်စက်စက် ပြုခဲ့လေသည်။ ရှစ်ပေမှ ဆယ့်ငါးပေအထိ မြင့်မောက်ကြွတက်လာသော လှိုင်းလုံးကြီးများအောက်တွင် မြစ်ဝကျွန်းပေါ် တောင်ဘက်ဖျားသည် ပြားပြားဝပ်၍သွားတော့၏။ ပြေးရင်းလွှားရင်း ဒယ်နစ် နစ်သွားကြသူများ၏။ ကျွန်တော်အပါအဝင် နိုင်ငံသားအားလုံးနီးပါးသည် မုန်တိုင်းနှင့်အတူ ဤမျှရေပါလာလိမ့်မည်ဟု မသိခဲ့ကြပါ။ မည်သည့် အသိပညာမှလည်း မရခဲ့ကြဖူးပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းကြောင့် လူပေါင်းသိန်းချီ၍ သေခဲ့သည့်ဖြစ်စဉ်ကိုလည်း မေ့ပျောက်၍နေခဲ့ပါသည်။ ဆူနာမီကြောင့် လူပေါင်းသိန်းချီ၍ သေခဲ့စဉ်ကလည်း လပွတ္တာမြို့နယ်မှာ ဆယ်ဂဏန်းမျှသာ အဖိတ်အစဉ်ရှိခဲ့၍ အမှုမထားမိခဲ့ကြပါ။ လူထုကို အသိပညာပေးရန် တာဝန်ရှိသော ကျွန်တော်တို့မှာ ""လေတိုက်လျှင် ရေနစ်သေတတ်သည်"" ဟူသော အသိပညာကို မသိခဲ့၊ မဖြန့်ခဲ့ရသည်ကို ယူကျုံးမရဖြစ်ခဲ့ပါသည်။

သားသမီးများက မုန်တိုင်းအန္တရာယ် ကြေညာနေကြောင်း ဆက်သွယ်နေစဉ်အခါမှာပင် ""လုံခြုံရာနေရာမှာ နေ၊လေဒဏ် မိုးဒဏ်ခံနိုင်သည့် နေရာမှာနေ၊ နာရီပိုင်းကလေး သည်းခံလိုက်ရင် မုန်တိုင်းစဲသွားတဲ့အခါ ပြီးသွားမှာပါ"" ဟု ပြောခဲ့သည်။ ကလေးများ၏နေရာမှာ ရေတက်မလာသည့်နေရာမို့ မုန်တိုင်းစဲပြီး ပြန်တွေ့ခွင့်ရခဲ့ပါသည်။ အကယ်၍သာ ""ဘုန်းတော်ပြည့်"" ရွာလိုနေရာမျိုးမှာ ကလေးတွေရှိနေခဲ့လျှင် သေကွဲကွဲရမည်မုချပင်။ ယခုမူ ရာသီဥတုပြောင်းလဲမှုသည် ကျန်းမာရေးအတွက်သာမက သေရေးရှင်ရေးအတွက်ပါ သတိပြုစရာ ဖြစ်လာပါသည်။

""မထင်မှတ်တာတွေ ဖြစ်လာနိုင်သည်။ မကြုံဖူးတာတွေ ကြုံလာနိုင်သည်"" ဆိုသည့် အချက်ကိုသတိပြု၍ အလေးအနက်ထားကာ ကြိုတင်ပြင်ဆင်ကြဖို့ အရေးကြီးသောကာလ ရောက်ရှိနေပါသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်များသည် မထိန်းချုပ်နိုင်လောက်အောင် ကြီးမားလာသဖြင့် ရှောင်ရှားဖို့၊ ပြန်လည်ထူထောင်ဖို့အရေး ဦးစားပေးနေကြရပါသည်။

ထိုအထဲတွင် လူသားတို့၏ပေါ့ဆမှု၊ ဆင်ခြင်တုံတရားခေါင်းပါးမှုများကြောင့် ဖြစ်ရသော လူလုပ်ဒုက္ခဘေးများကလည်း လျော့မသွားဘဲရှိ၏။ လူသားအချင်းချင်း ဒုက္ခပေးနည်းသစ်များ တီထွင်လာ၏။ အခြေအနေ အချိန်အခါအလျောက် ပြောင်းလဲလာသော လူ့အသုံးအဆောင်ပစ္စည်းများကို စနစ်တကျ မသုံးကြ၍၊ ပေါ့ပေါ့ဆဆရှိကြ၍ ဖြစ်ရသော ပြဿနာများလည်းရှိ၏။ လတ်တလော ဩစတြေးလျနိုင်ငံတောင်ပိုင်းတွင် တောမီးလောင်ကျွမ်းရာမှ အိမ်များ၊ မြို့များ ပြာကျကာ လူတွေ ရာကျော်သေ၏။ ရာသီဥတုကြောင့် ဖြစ်သောမီးနှင့် တစ်ပြိုင်တည်း ရှို့မီးကိုပါ မသင်္ကာစရာ တွေ့လာကြ၏။ သဘာဝဘေးနှင့် လူလုပ်ဘေး ညှပ်ပူးညှပ်ပိတ် ခံနေရလေသည်။

ဩစတြေးလျနိုင်ငံသားတို့၏ စနစ်မှာ မိမိတို့အိုးအိမ်တွင်ပင် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကာကွယ်ဖို့ ဖြစ်၏။ လေဒဏ်၊ မီးဒဏ်၊ မိုးဒဏ်၊ ရေဒဏ်ခံနိုင်အောင် တည်ဆောက်ထားသော အိမ်များတွင်ပင် ကြံ့ကြံ့ခံကြဖို့ ဖြစ်၏။ ယခုမူ ပြင်းထန်လွန်းလှသော ရာသီဥတုဒဏ်ကြောင့် ကြုံရသော မီးအန္တရာယ်ကိုမနိုင်တော့ပေ။ မနိုင်၍ ရှောင်ပြေးကြရသူများမှာ မီးဝိုင်းခံရကာ လမ်းခုလတ်မှာပင် အသက်ဆုံးကြရလေသည်။ ထို့ကြောင့် ""ပြေးစရာရှိလျှင် စောစောပြေးဖို့ ဆုံးဖြတ်ရန်"" မူပြောင်းလာရလေသည်။ ဤကိစ္စမျိုးသည် နေရာတစ်ခုတည်း ကွက်ကွက်ကလေး ဖြစ်နေသည်မဟုတ်။ တစ်နိုင်ငံလုံး၊ ဒေသကြီးတစ်ခုလုံးသာမက တစ်ကမ္ဘာလုံးမှာပင် မလွတ်နိုင်အောင် ရှိလေသည်။ နေတစ်စင်းတည်းနှင့်ဖြစ်လာရသောပြဿနာများလော့၏။နေခုနစ်စင်း၊နေဆယ်စင်းထွက်သည့်ပမာ လူလုပ် ကမ္ဘာဖျက် လက်နက်ကြီးများ၏ရန်ကို ရင်ဆိုင်ရပါက လူသားအားလုံးအတွက် ပြေးစရာကမ္ဘာမရှိ ဖြစ်ချေမည်။

လူသားတွေအားလုံးထဲမှ ကျန်းမာရေး ဝန်ဆောင်နေရသူများအတွက်ကား ပို၍ခက်လှသည်။ ပြေးစရာမြေရှိသည့်တိုင် ပြေးရန်ခက်၏။ ဘေးဒုက္ခအန္တရာယ် အတူတူခံစားနေရသည့်တိုင် ကျန်းမာရေးစောင့်ရှောက်ဖို့တာဝန်ကို မျက်ခြည်ပြတ်၍ မရ။ ထိခိုက်ဒဏ်ရာတွေ၊ ရောဂါတွေ၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ ပြည့်နေတတ်၏။

ပါကစ္စတန်နိုင်ငံ၏ ကသ္မီရဒေသတွင် လှုပ်ခဲ့သော ငလျင်ကြီး၌ လူပေါင်းများစွာ သေကျေခဲ့၏။ နှင်းများ ကျရောက်မှုကြောင့် ကယ်ဆယ်ရ ခက်ပြီး ဘေးဒုက္ခများ ထပ်ဆင့်ကြုံတွေ့ရ၏။ ထိုအချိန်တွင် အုတ်ပုံထဲမှထွက်လာသော တာဝန်ခံဆရာဝန်ကြီးအား ကျန်းမာရေးနှင့်ပတ်သက်၍ မေးခွန်းထုတ်ရာ၎င်း၏ ကျန်းမာရေးအဆောက်အအုံများ ရာခိုင်နှုန်း ၉၀ပျက်စီးပြီး ဝန်ထမ်းများလည်း သေကျေပျောက်ဆုံးလျက်ရှိပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်သွားသည့် ကျန်းမာရေးဌာန အဆောက်အအုံထဲက ယခုမှပင် ခက်ခက်ခဲခဲ ထွက်လာရကြောင်း ပြန်လည်ဖြေကြားသည်ကို ကြားရ၊ မြင်ရပါသည်။

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်းတိုက်ခတ်သွားရာမှာလည်း ကျန်းမာရေးဝန်ထမ်းများ သေကျေဒဏ်ရာရကာ ကျန်းမာရေးအဆောက်အအုံ များစွာပျက်စီးခဲ့ရပါသည်။ လေဘေးဒုက္ခသည်များ၏ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ဖို့ စနစ်တကျ ကြိုးစားအားထုတ်ခဲ့ကြရပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် အရေးပေါ်စခန်းဖွင့်ပြီး ဘက်စုံထောင့်စုံက စီစဉ်ညွှန်ကြား ဖြည့်ဆည်းပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ၏ သက်စွန့်ကြိုးပမ်း အမှုထမ်းကြသည်ကိုလည်း ကိုယ်တိုင် တွေ့မြင်ခဲ့ရပါသည်။ ယခုထက်တိုင်လည်း နယ်လှည့်ပညာပေးအဖွဲ့များ(Mobile Community Development Teams) ဖြင့် မုန်တိုင်းဒဏ်ခံဒေသများရှိ လူထု၏ဘက်စုံတိုးတက်မှုများ ဖြစ်ထွန်းလာစေရန် ဆောင်ရွက်နေရာတွင် ကျန်းမာရေးဝန်ထမ်းများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေဆဲပင်ဖြစ်ပါသည်။

(၁) ကျန်းမာရေးစောင့်ရှောက်ရာနေရာများ၏ ကြံ့ခိုင်ပြည့်စုံမှု
(၂) အရေးပေါ်ကာလအတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများ အသင့်ရှိမှု
(၃) ကျန်းမာရေးဝန်ဆောင်မှုပေးသူများသည် အရေးပေါ်ပြဿနာများကို ရင်ဆိုင်ဖြေရှင်း ကျော်လွှားနိုင်သည့် ကျွမ်းကျင်မှု
(၄) ကျန်းမာရေးအတွက်အရေးကြုံလျှင် ကျော်လွှားနိုင်ရန်ပြင်ဆင်ရာ၌ လူထုက ပူးပေါင်းတာဝန်ယူ ဆောင်ရွက်မှု

ဟူသော အချက်လေးချက်ကို ၂၀၀၉ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အကြိုစာရွက်စာတမ်းများတွင် တွေ့ရှိလာရ၏။ ဤနှိုးဆော်ချက်များသည် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နာဂစ်မုန်တိုင်းဒဏ်မှ လွတ်မြောက်ရန် ကြိုးပမ်းမှု အတွေ့အကြုံများကို အနှစ်ချုပ်ကာ ဖော်ပြထားသကဲ့သို့ရှိပါသည်။ ဤကဲ့သို့ တုံ့ပြန် ဆောင်ရွက်နိုင်စွမ်းရှိခြင်းသည်လည်း နိုင်ငံတော်ကနိုင်ငံရေးအရ တိကျပြတ်သားသည့် ဆုံးဖြတ်ချက်ဖြင့် တာဝန်ယူမှု (Political Commitment) ကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ အတွေ့အကြုံများ၊ လုပ်ဆောင်ချက်များသည် ကမ္ဘာအတွက် နမူနာဖြစ်လာ၏။ ထို့ကြောင့် ယခုနှစ် ဆောင်ပုဒ်ဖြစ်သော "Protect Health Facilities from Emergencies; Prepare. Respond. Save Lives." အတွက် ကျွန်တော်တို့အဆင်သင့်ပြင်ဆင်ပြီး ဖြစ်နေပါပြီ။ မည်သည့်ဘေး အန္တရာယ်ကြုံကြုံ စနစ်တကျ ရင်ဆိုင်တုံ့ပြန်နိုင်ပြီဖြစ်ပါသည်။

ဤအရည်အသွေးဖြင့် အသက်ပေါင်းများစွာကယ်တင်နိုင်မည်ဖြစ်ပါသည်။ ဤအတွက် ကျန်းမာရေးစောင့်ရှောက်ရာ နေရာတိုင်းကို ပြန်လည်စောင့်ရှောက်ဖို့ ကိုယ်ကအရေးကြုံစဉ် စောင့်ရှောက်နိုင်လျှင် အားလုံးအတွက် အကျိုးရှိ၏။ အားကိုးရမည်ဖြစ်၏။

သို့ဖြစ်၍ ""ကျန်းမာရေးအတွက် အရေးကြုံက၊ ကျော်လွှားနိုင်ရန် ပြင်ဆင်မှု၊ အသက်ပေါင်းများစွာ ချမ်းသာရ""ဟု မြန်မာမှုပြု၍ ဆောင်ပုဒ်အသစ်တစ်ခု ထုတ်ဖော်စည်းရုံးသွားမည်ဖြစ်ပါကြောင်း။ ။

ယခုထက်တိုင်လည်း နယ်လှည့်ပညာပေးအဖွဲ့များ (Mobile Community Development Teams) ဖြင့် မုန်တိုင်းဒဏ်ခံဒေသများရှိ လူထု၏ ဘက်စုံတိုးတက်မှုများ ဖြစ်ထွန်းလာစေရန် ဆောင်ရွက်နေရာတွင် ကျန်းမာရေးဝန်ထမ်းများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေ။

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှ လည်းကောင်း၊ တရားဝင်ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊
(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊
(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊
(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊
(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊
(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊
(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊
(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊
(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊
(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်း ပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊
(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့် လည်းကောင်း၊ ရရာပစ္စည်းများဖြင့် လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊
(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊
(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊
(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

❍ ကျောဖုံးမှ

ယနေ့ပွဲစဉ်ကိုလည်း အဆိုတော် ဦးသုမောင်က ရန်ကုန်နိုင်ဝင်းဗိုလ်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ "အောင်လံချီးပြီးခါးထိုးလို့ပြန် ဒဂုံရွှေအောင်လံ" သီချင်းဖြင့် ဖွင့်လှစ်ပေးသည်။ ကြိုးဝိုင်းတစ်ဖက်တစ်ချက်ရှိ လျှောက်လမ်းများမှ လက်ဝှေ့သမားများ ထွက်လာစဉ် Smoking Gun, Fire Gun များ ပစ်ဖောက်ခြင်း၊ ကာယအလှမယ်များက အချီပြဆိုင်းဘုတ်ကိုင်ဆောင်၍ ပရိသတ်ကို အသိပေးခြင်းများဖြင့် ဒဂုံဗျူရီကုမ္ပဏီက မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို နိုင်ငံတကာ Martial Art ပြိုင်ပွဲများအဆင့်သို့ ပို့ဆောင်နိုင်ရန် ကြိုးပမ်းထားကြောင်း တွေ့ရှိရသည်။

အထူးစိန်ခေါ်ပွဲ

ပြိုင်ပွဲစီစဉ်ပုံ ခမ်းနားသကဲ့သို့ ယနေ့ယှဉ်ပြိုင်ကြသော လုံးချောနှင့်ရွှေဆိုင်းတို့၏ အထူးစိန်ခေါ်ပွဲကြီး၊ စောင်မန်းနှင့်ရန်ကြီးအောင်တို့၏ အလွတ်တန်းဒဂုံရွှေအောင်လံလုပွဲကြီးများကလည်း ပရိသတ်အကြိုက် အလဲထိုးပွဲများဖြစ်ခဲ့သည်။ အလွတ်တန်းဒဂုံရွှေအောင်လံလုပွဲ မတိုင်မီ ပွဲစဉ်(၈)၌ ယှဉ်ပြိုင်ခဲ့ကြသော လုံးချောနှင့်ရွှေဆိုင်းတို့သည် ၂၀၀၄ ခုနှစ်မှစ၍ ယခုပွဲမတိုင်မီ လေးကြိမ်တိုင်ဆုံတွေ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း သရေပွဲများသာဖြစ်ခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် ယခုဒဂုံရွှေအောင်လံ အလွတ်တန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဆီမီး၌ပင် ပြိုင်ဘက်များကို အမှတ်ဖြင့်ကိုယ်စီရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ သို့ရာတွင် ပြိုင်ပွဲစီစဉ်သူများက ဒဂုံရွှေအောင်လံ ပြိုင်ပွဲအရှိန်လျော့မသွားစေရန် ၎င်းတို့နှစ်ဦးကို အထူးစိန်ခေါ်ပွဲ ပြန်တည်ပေးလိုက်ခြင်းဖြစ်သည်။

လုံးချောက ရွှေဆိုင်းကိုပြတ်သားစွာ အနိုင်မရခဲ့ဖူးသဖြင့် စိန်ခေါ်ပွဲသဘောအရ ရှမ်းလေးသွေး(ခ) ကျော်စွာကို အငြင်းပွားဖွယ် အကွဲထိုးနိုင်သဖြင့် ချန်ပီယံဖြစ်လာပြီး ချန်ပီယံဟောင်း ဝမ်ချိုင်းကိုလည်း အောက်ခြေပိုင်းကန်ချက်ဖြင့် အနိုင်ယူခဲ့သူ ရွှေဆိုင်းကိုသာ ပထမတန်း ချန်ပီယံအဖြစ်မှတ်ယူထားခဲ့သူများအတွက် ယခုပွဲက အဖြေထုတ်ပေးလိုက်ခြင်း ဖြစ်သော်လည်း မြန်မာပြည်ချန်ပီယံရွေးပွဲဟု ဆိုရမည့် အလွတ်တန်းဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်၌ စောင်မန်းကို အမှတ် ၃း၀ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဟာ လုံးချောအတွက် နိုင်ပွဲအလာကောင်းသော်လည်း အခါနှောင်းသကဲ့သို့ ဖြစ်ခဲ့ရသည်။

အပိုင်လုပ်ခွင့်မသာ

ပထမအချီအစတွင် လုံးချော၏ အားပါသော အောက်ခြေပိုင်းကန်ချက်ကြောင့် ရွှေဆိုင်းပြုတ်ကျခဲ့သည်။ လုံးချောက ညာဖြောင့်လက်သီးပြင်းသော ရွှေဆိုင်းကို ရံခါတွင် ညာခြေရှေ့ခင်း၍ ညာထောက်လက်သီးဖြင့်ထိန်းကာ ဘယ်ပတ်ခြေကန်ပြီးမှ ဘယ်ထောက်ညာဖြောင့်ထိုးသည်။ ဘယ်ခြေရှေ့ခင်းလျှင်လည်း ရှေ့ခင်းခြေဖြင့် ရွှေဆိုင်းရှေ့ခင်းဘယ်ဒူးကို အတွင်းခတ်ပြီး ညာခြေဖြင့် အပြင်းခတ်ကန်သည်။ ထိုသို့အောက်ပိုင်းကန်ချက်ဖြင့် အာရုံပေးထားပြီး ဘယ်ထောက်လက်သီးဖြင့်တိုက်စစ်စကာ ညာဖြောင့်လက်သီးအပိုင်ထိုး သည်။ လုံးချော၏လက်သီးများက ရွှေဆိုင်း၏မျက်နှာကို ထိသော်လည်း ရွှေဆိုင်းက အဆုတ်အရှောင်ဖြစ်သည့်အတွက် ပိုင်ပိုင်နိုင်နိုင်မရှိဘဲ ဖြစ်နေသည်။ ထို့အတူ ရွှေဆိုင်းက လျှပ်တစ်ပြက်ညာဖြောင့်လက်သီးကို သုံးလေးချက်ဆင့်ဆင့်ထိုးသည့်အခါ လုံးချောက ဘက်ဂီယာကို လီဗာကုန်နင်းသည့်အလား အရှိန်ဖြင့် ဆုတ်သွားနိုင်သောကြောင့် အပိုင်မထိဘဲ ကြိုးတန်းဘေး၌ ပူးမိသွားကြသည်။ ရံခါတွင် လုံးချော၏ ဘယ်ထောက် ညာဖြတ်လက်သီးများက ရွှေဆိုင်းကိုထိသကဲ့သို့ ရွှေဆိုင်း၏ ဘယ်ထောက်ညာဖြောင့်လက်သီးများလည်း လုံးချောကို ထိရှမှုများရှိသည်။ သို့ရာတွင် ထိချက်ချင်းယှဉ်လျှင် အတင်းဝင်ဖက်သော ရွှေဆိုင်း၏မျက်နှာနှင့် လုံးချော၏ ညာပင့်လက်သီးတို့ ထိတွေ့မှုက ပိုများသည်။ ယခင်က အောက်ပိုင်းကန်ချက် ပြင်းထန်ရာတွင် နာမည်ကြီးလှသော ရွှေဆိုင်းသည် ယခုပွဲတွင် လုံးချော၏ အောက်ခြေပိုင်းကန်ချက်များကို သတိထားနေရသည်။ ရွှေဆိုင်းသည် ဘယ်ထောက်ကိုပင် မသုံးတော့ဘဲ ညာဖြောင့်လက်သီးကိုသာ အပိုင်ထိုးရန်ကြိုးစားပြီး မပိုင်လျှင် ဝင်ပူးနေသည်။ လုံးချောသည် ယခုပွဲတွင် ပူးကပ်နေသော ရွှေဆိုင်းကို ကိုင်ပေါက်သောသတ်ကွက်တစ်ခု ထူးခြားကောင်းမွန်စွာ အသုံးပြုသွားသည်ကို တွေ့ရသည်။ ထို့ပြင်လည်း ထောင့်ပိတ်ဖမ်းကာ ညာဒူးတိုက်ပြီးဘယ်ဘက်သို့ထွက်ရန် ကြိုးစားသော ရွှေဆိုင်းကို ဘယ်ဒူးဖြင့် ဆီးဆို့ထားခြင်းမျိုးလည်း လုပ်လာနိုင်သည်။ တတိယနှင့် စတုတ္ထအချီများတွင် ရွှေဆိုင်းသက်လုံလျော့လာသည်ကိုသိသော လုံးချောက ပွဲဖြတ်ရန်လိုက်သော်လည်း ရွှေဆိုင်း၏ ဘယ်ဆို့ခြေ (ဘယ်ခြေဖဝါးထိပ်ဖြင့်နင်းထားခြင်း)ကြောင့် အပိုင်လုပ်ခွင့်မသာသည့်အပြင် နောက်ပြန်ထိုင်ကျသွားခြင်းမျိုးပင်ရှိနေသည်။

ထို့ကြောင့် လုံးချောက စတုတ္ထအချီနောက်ပိုင်း၌ ရွှေဆိုင်းထံမှ တိုက်စစ်ကို မြှုယူကာ ညာပင့်လက်သီးထိုးသော်လည်း တိုင်ပင်မကိုက်ဘဲ ရွှေဆိုင်း၏ ဝင်ဖက်ခြင်းကိုသာ ခံနေရသည်။ ပဉ္စမအချီအစတွင် တစ်ဦးကိုတစ်ဦး အကဲစောင့်နေရင်းမှ ရွှေဆိုင်း၏အားပါသော ညာဖြောင့်လက်သီးအထိုးနှင့် လုံးချောက ကိုယ်ကိုနောက်ယို့၍ ဘယ်ဒူးအပင့် တိုင်ပင်ကိုက်သွားသဖြင့် ရွှေဆိုင်း၏ရင်ဝနှင့် လုံးချော၏ ဘယ်ဒူးချွန်တို့ မဟာမိတ်ဖြစ်သွားကာ ၁၈ စက္ကန့်မှာပင် ရွှေဆိုင်းရင်ဝကိုဖိ၍ ကြမ်းပြင်ပေါ် လူးလိမ့်သွားရသည်။ နောက်ဆုံးအချီဖြစ်သည့်အတွက် အနားတောင်းခွင့်လည်းမရှိတော့ရာ အမှတ်စဉ် ၁၀တိုင် ပြန်မထနိုင်သော ရွှေဆိုင်းအလဲထိုးဖြင့် ရှုံးနိမ့်သွားရသည်။

ဒုတိယမြောက်ပွဲသိမ်းဒူး

လုံးချောသည် ဒူးခုန်ပစ်ရာတွင် နာမည်ကြီးလှသော်လည်း ပြိုင်ဘက်ကို ဒူးဖြင့် ပွဲသိမ်းခြင်းမှာ ၂၀၀၅ခုနှစ်က ဂျပန်နိုင်ငံ နာဂါစကီမြို့၌ ကရာတေးချန်ပီယံ အီမာမူရာကို ပထမအချီတွင် ဘယ်ဒူးဖြင့် ပွဲသိမ်းပြီးနောက် ယခုဒူးတိုက်ချက်က ၎င်း၏ ဒုတိယမြောက်ပွဲသိမ်းဒူးဖြစ်သည်။ တိုက်ခိုက်မှုပညာရပ်တွင် တိုင်ပင်ကိုက်ထိချက်မှန်လျှင် မည်သူမျှမခံနိုင်ဆိုသော စကားရှိသည်။ ယခုပွဲတွင်လည်း လုံးချောသည် စင်ထောင့်မှ နည်းပြဆရာ၏ ညွှန်ကြားမှုကိုလိုက်နာ၍ ရွှေဆိုင်းအဝင် တိုင်ပင်ကိုက်ပင့်ဒူးတိုက်နိုင်သောကြောင့် နှစ်အားပေါင်း ထိချက်အရ ရွှေဆိုင်းပွဲသိမ်းခဲ့ရခြင်းဖြစ်သည်။

ပြတ်ပြတ်သားသားရရှိ

အလွတ်တန်းဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင် ပရိသတ်များထင်ထားသည့်အတိုင်း စောင်မန်းက ပြတ်ပြတ်သားသား အနိုင်ယူခဲ့ခြင်းသည် ပထမအချီ ၄၇ စက္ကန့်မှာပင် လူချင်းအပူး၌ စောင်မန်းက ဘယ်ထောက်ဖြင့် ဇက်ကိုဖိ၍ ညာပင့်လက်သီးများ ဆက်ကာဆက်ကာ ထိုးနေသဖြင့် ရန်ကြီးအောင်က ဘယ်ဒူးကို မပြတ်တွန်းခွာသည်။ ထိုအချက်က အချိုးရာသော စောင်မန်းကို ဆက်ကျွေးသကဲ့သို့ ဖြစ်သွားသည်။ စောင်မန်းက ရန်ကြီးအောင်၏ ဘယ်တံကောက်ကို ညာလက်ဖျံဖြင့် အပိုင် မကာ ကြမ်းပြင်ပေါ်သို့ ကိုင်ပေါက်ချလိုက်သည်။ ကလေးတစ်ယောက်ကဲ့သို့ ကွေးခနဲပါသွားပြီး ကြမ်းပြင်ပေါ်သို့ ဖွေးခနဲကျသွားသော ရန်ကြီးအောင်၏ ပြန်မထနိုင်ဘဲ အနားတောင်းလိုက်ရသည်။ ဆက်လက်ယှဉ်ပြိုင်ရာတွင် ရန်ကြီးအောင်၏ ဘယ်ညာတွဲလုံးက စောင်မန်းကို ထိရှသော်လည်း စောင်မန်းက ထိုးထိုးဟု အသံကုန်ဟစ်ကြွေးကြော်၍ အတင်းဝင်ကပ်ကာ ခေါင်းဖြင့် ဆတ်တိုက်ခြင်း၊ ညာပင့်လက်သီးထိုးခြင်းများဖြင့် အမှည့်ခြွေ ခြွေသည်။ ဒုတိယအချီ ၂ မိနစ် ၅၈ စက္ကန့်တွင် ပထမအချီနှင့် ထပ်တူထပ်မျှ ရန်ကြီးအောင် ကိုင်ပေါက်ခံရပြန်သည်။ ဒုတိယအကြိမ် ကြမ်းပေါ်သို့ကျခြင်းက ကျောဖြင့် သာမကဘဲ နောက်စေ့ဖြင့်ပါ ကျသွားသည့်အတွက် ပွဲသိမ်းကိုင်ပေါက်ချက်ဖြစ်ကာ ချန်ပီယံဘွဲ့ကို စောင်မန်း ပြတ်ပြတ်သားသား ရရှိသွားသည်။

စောင်မန်းအား အလွတ်တန်း ဒဂုံရွှေအောင်လံကို ခုံဒိုင်ချုပ်ဆရာကြီး ဦးဒေါင်းနီက ရိုးရာဓလေ့အတိုင်း ခါးထိုးချီးမြှင့်ပေးပြီး စောင်မန်းကလည်း ရိုးရာအစဉ်အလာအရ ရိုသေစွာ ရှိခိုးဂါရဝပြုသည်။

အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဂုဏ်ပြုဆုဖလားနှင့် ဆုကြေးငွေကျပ်သိန်း ၃၀ကို ချီးမြှင့်ပေးသည်။ ရန်ကြီးအောင်က ဆုငွေကျပ်သိန်း ၂၀ရရှိသည်။

ယနေ့ပွဲကို ပွဲစဉ်ပေါင်းကိုးပွဲဖြင့် ကျင်းပရာ လေးချီအထူးပွဲများတွင် သားစန်းနိုင်(ဆင်မင်း) နှင့် ရွှေရဲလေး(အဖြူရောင်သွေးသစ်)၊ ဘနှစ်လေး(အလင်းရောင်)နှင့် စောဇော်မင်း(အဖြူရောင်သွေးသစ်)တို့ သရေပွဲဖြစ်သွားကြပြီး နိုင်လင်း(ဒေါင်းမြန်မာ)က တနင်္လာမောင်(မြန်မာသွေးသစ်)ကို ပထမအချီ ၁မိနစ် ၅၈စက္ကန့်၌ အလဲထိုးလိုက်သည်။ ငါးချီစိန်ခေါ်ပွဲများတွင် မိုးသီး(မြန်မာပြည်သား)နှင့် ကချင်လေး(ဘိလပ်မြေစက်ရုံ)၊ မြားတစ်စင်း(ရက္ခဗျာလ)နှင့် ရွှေမင်းရာဇာ(ဘိလပ်မြေစက်ရုံ)တို့ သရေကျခဲ့ပြီး ပိုင်သစ်မိုး(တောင်ကလေး)က စောသဲမင်း(K.L.N)ကို ပထမအချီ ၂မိနစ် ၃၁စက္ကန့်အတွင်း အနားတောင်း တစ်ကြိမ် အမှတ်စဉ်နှစ်ကြိမ်ကျအောင်ထိုး၍ အနိုင်ယူသွားသည်။ ထို့နောက် ရွှေသိန်းအောင်(နှစ်ရှည်ဥယျာဉ်)ကလည်း သားသား(K.L.N)ကို တတိယအချီ ၂မိနစ် ၇စက္ကန့်တွင်ဘယ်ခြေအမြင့်ကန်ချက်ဖြင့် အနားတောင်းစေခဲ့ပြီး စတုတ္ထအချီ ၁မိနစ် ၁၄စက္ကန့်တွင် ချုပ်ဒူးတိုက်ချက်များဖြင့် ပွဲသိမ်းအနိုင်ယူလိုက်သည်။

ဆုတော်ငွေချီးမြှင့်

ယနေ့ပွဲစဉ်များတွင် ပရိသတ်များက ဆုတော်ငွေ ချီးမြှင့်မှုအများအပြားရှိခဲ့ပြီး ဒဂုံဗျူရီကုမ္ပဏီလီမိတက်က ပွဲစဉ်တိုင်းတွင် လက်ဝှေ့သမားတစ်ဦးလျှင် ဆုတော်ငွေကျပ်တစ်သောင်းစီချီးမြှင့်ပြီး ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဒေါက်တာခင်မောင်ထွန်းကလည်း ခုံဒိုင်များ၊ ကြိုးဝိုင်းဒိုင်များကို ဆုတော်ငွေ ချီးမြှင့်သည့်အပြင် လက်ဝှေ့တွဲဆိုင်းမှန်သမျှ တစ်ဦးလျှင် ကျပ်တစ်သောင်းစီ ဆုတော်ငွေချီးမြှင့်ခဲ့ကြသည်။ ။

(မြန်မာ့အလင်း)

အလွတ်တန်း ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ဗိုလ်လုပွဲတွင် ပထမဆုရ စောင်မန်း(Ever Green) ဆုယူအပြီး ဤသို့ အောင်ပွဲခံခဲ့သည်။ (မြန်မာ့အလင်း)

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ(ဗိုလ်လုပွဲ) ဒုတိယနေ့ကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ လက်ဝှေ့ဝါသနာရှင်များ ဤသို့ ကြည့်ရှုအားပေးခဲ့ကြသည်။

(မြန်မာ့အလင်း)

သတိပေးနှိုးဆော်ချက်

(က) နေပြည်တော်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ၌ ယာဉ်မောင်းများ အောက်ပါအတိုင်းလိုက်နာရန်-

(၁) မူးယစ်သောက်စား၍ ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ။ လုမမောင်းရ။

(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။

(၄) ယာဉ်နံပါတ်မပါရှိဘဲ မမောင်းရ။

(၅) ယာဉ်ပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သော စီးနင်းလိုက်ပါမှု မပြုလုပ်ရ။

(၆) ဆိုင်ကယ်စီးသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

■ *ကျောဖုံးမှ*

ဦးခေါင်းကို အချိန်ကြာမြင့်စွာ ငုံ့ပြီး အလုပ်လုပ်ရသူများအနေဖြင့် နံနက်အိပ်ရာထချိန်တွင် ဦးခေါင်းကိုဖြည်းဖြည်း ဘယ်၊ ညာ၊ အထက်နှင့် အောက်လှုပ်ရှားပေးပါက ဇက်ရိုးကျီးပေါင်းတက်မှု မဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပုံမှန်လုပ်သင့်

ထို့ကြောင့် ကွန်ပျူတာ၊ အင်တာနက်၊ အထည်ချုပ်နှင့် ယာဉ်မောင်းတို့အပြင် စာရေး စာဖတ်ခြင်း အလုပ်လုပ်သူများသည် နေ့စဉ် ဦးခေါင်းလေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ပေးသင့်ကြောင်း အကြံပြုထားသည်။ *(အင်တာနက်)*

ဧပြီ ၅ရက်က သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် လူနေအိမ်ရာများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူညဏ်ထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့် အဖွဲ့ဝင်များ လိုက်လံစစ်ဆေးပြီး အောင်ဇေယျ(၁)လမ်း၌ ဒေသအရန်မီးသတ် တပ်ဖွဲ့ဝင်များ၏ အပေါ့စားမီးသတ်စက်ဖြင့် သရုပ်ပြ ရေပက်ဖျန်းနေမှုများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(၁၂၁)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၅

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ပျမ်းမျှအပူချိန်

နေ့အပူချိန်များမှာ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ဒသမ၇၁လက်မနှင့် မြိတ်မြို့တွင် ၀ဒသမ၃၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

တိမ်အသင့်အတင့်

ဧပြီ ၆ ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းရှိ အောင်သိဒ္ဓိချောင်း ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ယာယီရေစုကန် တူးဖော်နေမှုနှင့် ရေနုတ်မြောင်း တိုးချဲ့ဖောက်လုပ်ထားရှိမှုအခြေအနေ၊ လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက် လှိုင်မြစ်လမ်းရှိ မြစ်ထွက်ပေါက် ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တိုးချဲ့တူးဖော်နေမှုနှင့် ရေနုတ်မြောင်းအခြေအနေတို့ကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန်ယူတို့ အိုးထရက်ဖို့ဒ်၌ ရင်တမမဖြင့် သုံးမှတ်ရရှိ အဲဗာတန်တို့လည်း အိမ်ကွင်း၌ လေးဂိုးပြတ်ဖြင့် နိုင်ပွဲရ

အားကစားသတင်းမှတ်စု - မောင်ချစ်ကြည် စာမျက်နှာဖွဲ့စည်းမှု - သန်းအေး

လန်ဒန် ဧပြီ ၅

ပရီမီယာလိဂ်ပွဲစဉ်(၃၁)ကို ဧပြီ ၅ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အိမ်ရှင်မန်ယူနှင့် ဗီလာတို့ပွဲတွင် မန်ယူက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရပြီး အဲဗာတန်နှင့် ဝီဂန်တို့ပွဲ၌ အဲဗာတန်တို့က လေးဂိုးပြတ် အနိုင်ရရှိခဲ့ကြသည်။

မန်ယူနှင့် ဗီလာ

တီဗက်ဇ်၊ ဂစ်၊ စီရိုနယ်ဒို၊ နာနီတို့ ဦးဆောင်ကာ ပွဲထွက်လာသော မန်ယူတို့ အိုးထရက်ဖို့ဒ်၌ ဗီလာကို စိတ်တိုင်းကျ မကစားနိုင်ခဲ့ချေ။ ဖလက်ချာနှင့် ကာရစ်တို့ ကွင်းလယ်ပိုင်းက တိုက်စစ်ကို ပံ့ပိုးမှုအားနည်းခဲ့သဖြင့် မန်ယူတိုက်စစ်မှူးများ အပိုင်ကန်သွင်းခွင့် အခွင့်အရေးအချို့ လက်လွှတ်ခဲ့ရသည်။ သို့သော် ၁၄မိနစ်၌ ဗီလာဂိုးသမားအမှားကြောင့် မန်ယူတို့ ဂိုးဧရိယာအနီး ပြစ်ဒဏ်ဘောရရှိခဲ့ရာ စီရိုနယ်ဒို ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ဗီလာတို့က ချေပဂိုးရရှိရေး မန်ယူနောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ မိနစ်၃၀၌ ဗီလာမှ ဂျွန်ကာရူးက ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

ခေါင်းတိုက်

ဗီလာတို့က မာမာတင်းတင်း ထိုးဖောက်ကစားပြီး မန်ယူနောက်တန်းကို ဖြတ်ကျော်နိုင်ခဲ့သဖြင့် ပွဲချိန် ၅၈မိနစ်၌ ဗီလာတိုက်စစ်မှူး အဘွန်လဟောက မန်ယူဂိုးသမား ဗန်ဒါးဆားရှေ့မှဖြတ်ပြီး ခေါင်းတိုက်သွင်းယူသွားသဖြင့် ဂိုးရရှိခဲ့သည်။

မသွင်းနိုင်

မန်ယူတို့ ချေပဂိုးရရှိရေး ကြိုးစားရာ တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိဘဲ ဖြစ်နေခဲ့သည်။ တီဗက်ဇ်၏ ကန်သွင်းချက်၊ စီရိုနယ်ဒို၏ ကန်သွင်းချက်များ ထိရောက်မှုမရှိ၍ ချေပဂိုးမသွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ချေပဂိုး

သို့သော် ၈၀မိနစ်၌ ဖရီဒယ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဗီလာဂိုးနှင့် ကိုက်၂၀ အကွာမှ စီရိုနယ်ဒိုက ဘယ်ခြေဖြင့်ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

အနိုင်ရ

မန်ယူတို့ အားတက်ပြီး ဆက်လက်ထိုးဖောက်ကစားရာ လေလွင့်ချိန် အစားပေးသည့် အချိန်အတွင်း ၉၃မိနစ်၌ မန်ယူလူငယ်ကစားသမားသစ် မာချေတာက ဂစ်ပေးလိုက်သည့် ဘောလုံးကို လျှပ်တစ်ပြက်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ပြီး မန်ယူတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဲဗာတန်နှင့် ဝီဂန်

အဲဗာတန်တို့အိမ်ကွင်း၌ ဝီဂန်ကိုနိုင်ပွဲရအောင် ခြေစွမ်းပြကစားခဲ့သည်။ ပထမပိုင်း အဲဗာတန်တို့ ဖိကစားနိုင်ခဲ့ပြီး ၂၆မိနစ်၌ တိုက်စစ်မှူးဂျိုက အိုစမန် ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အဲဗာတန်တို့ ဆက်တိုက်ဖိကစားခဲ့ရာ ၄၇မိနစ်၌ ဖလာနီက တစ်ဂိုး၊ ၅၁မိနစ်၌ တိုက်စစ်မှူးဂျိုက တစ်ဂိုးနှင့် ၆၁မိနစ်၌ အိုစမန်က တစ်ဂိုး သွင်းယူခဲ့သဖြင့် အဲဗာတန်တို့ လေးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

မန်ယူနှင့် ဗီလာတို့ပွဲတွင် မန်ယူအတွက် အဖွင့်ဂိုးကို စီရော်နယ်ဒို(ဝဲ)က ပြစ်ဒဏ်ဘောမှတစ်ဆင့် ဤသို့ သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ပရီမီယာလိဂ်ပွဲစဉ်(၃၁)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၃၀	၂၁	၅	၄	၆၈
၂	လီဗာပူး	၃၁	၁၉	၁၀	၂	၆၇
၃	ချယ်လ်ဆီး	၃၁	၁၉	၇	၅	၆၄
၄	အာဆင်နယ်	၃၁	၁၆	၁၀	၅	၅၈
၅	ဗီလာ	၃၁	၁၅	၇	၉	၅၂
၆	အဲဗာတန်	၃၁	၁၄	၉	၈	၅၁
၇	ဝက်စ်ဟမ်း	၃၁	၁၂	၈	၁၁	၄၄
၈	ဝီဂန်	၃၁	၁၁	၈	၁၂	၄၁
၉	ဖူလ်ဟမ်	၃၁	၁၀	၁၀	၁၁	၄၀
၁၀	မန်စီးတီး	၃၁	၁၁	၅	၁၅	၃၈
၁၁	စပါး	၃၁	၁၀	၈	၁၃	၃၈
၁၂	ဘော်လ်တန်	၃၁	၁၁	၄	၁၆	၃၇
၁၃	စတုတ်	၃၁	၉	၈	၁၄	၃၅
၁၄	ဘလက်ဘန်း	၃၁	၈	၁၀	၁၃	၃၄
၁၅	ဟူးလ်စီးတီး	၃၁	၈	၁၀	၁၃	၃၄
၁၆	ပို့စ်မောက်	၃၀	၈	၉	၁၃	၃၃
၁၇	ဆန်းဒါးလန်း	၃၁	၈	၈	၁၅	၃၂
၁၈	နယူးကာဆယ်	၃၁	၆	၁၁	၁၄	၂၉
၁၉	မစ်ဒယ်ဘရော့	၃၁	၆	၉	၁၆	၂၇
၂၀	ဝက်စ်ဘရွန်း	၃၁	၆	၆	၁၉	၂၄

(အင်တာနက်)

စီးရီးအေ အနိုင်အရှုံး

အတ္တလန္တာ	၁-၂	ဖီအိုရင်တီးနား
ရိုးမား	၂-၁	ဘိုလော့ဂ်နာ
ကက်ဂရီယာရီ	၁-၀	ကာတာနီးရား
ပါလာမို	၁-၀	တိုရီနို
ရက်ဂျီးနား	၀-၁	ဂျီနိုအာ
ဆမ်ဒိုးရီးယား	၂-၂	နာပိုလီ
ဆီနာ	၂-၀	လာဇီယို
ဂျူဗင်းတပ်စ်	၃-၃	ချေယေးဗို

(အင်တာနက်)

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်း လုံးဝမတီးရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကို အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမည်။**

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

လက်ထပ်ပြီးစီးခြင်း

ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်အေး
(TWG Construction Group & Shining Land Computer Training Center)
တို့၏သား
မောင်အောင်ကျော်မင်း **(B.Sc Physics, Diploma in NCC IDCS)**
QAP IT Service Desk Engineer
QIMONDA Asia Pacific Pte,Ltd, Singapore.
နှင့်
ဦးတင့်အောင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လောက်ကိုင်မြို့)-ဒေါ်စန်းစန်းနွဲ့တို့၏ သမီး
မခိုင်ဇာအောင် **(Bachelor of Engineering Electronics), Advance Diploma in Auaton Institute of Management & Technology (EEE), Singapore)**

တို့သည် မိဘတို့၏ သဘောတူညီချက်ဖြင့် ၂၆-၃-၂၀၀၉ရက်တွင် Singapore နိုင်ငံ၌ လက်မှတ်ရေးထိုး လက်ထပ် ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်မင်း-မခိုင်ဇာအောင်။

ကရဝိက်ဥယျာဉ်ကမ္ဘာ
ဒဂုံသင်္ကြန်ဂီတများနှင့် ဈေးဝယ်ထွက်ခြင်း

၈-၄-၂၀၀၉ရက်မှ ၁၂-၄-၂၀၀၉ရက်အထိ (နံနက် ၁၀နာရီမှ ည ၉နာရီအထိ)

အရောင်းဆိုင်ခန်းပေါင်း ၁၂၀ကျော်မှ အထည်ဒီဇိုင်းဆန်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ အိမ်သုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ သင်္ကြန်ကစားစရာအမျိုးမျိုးကို အထူးလျှော့ဈေး (၁၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်း) ဖြင့် ရောင်းချပေးပါမည်။

၈-၄-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)
ရွှေဖလားအငြိမ့်
(၆း၀၀မှ ၈း၀၀)
Dream Boat Game (၄း၃၀မှ ၆း၀၀)

၉-၄-၂၀၀၉ရက် (ကြာသပတေးနေ့)
ဂျေမောင်မောင်၊ ဂျေညီညီ၊ ဂျက်မြသောင်း၊ ကောင်းပြည့်၊
ဂျေညီမလေး၊ သက်မှူးခင်၊ ပင်ကီ (၆း၀၀မှ ၈း၀၀)
Dream Boat Game (၄း၃၀မှ ၆း၀၀)

၁၀-၄-၂၀၀၉ရက် (သောကြာနေ့)
ပေါ့ပေါ့ပါးပါးသင်္ကြန်-ရာဇာနေဝင်း၊ ရသ၊ ယုန်လေး၊
စောဖိုးခွား၊ သားညီ၊ ဖွဲ့နိုင်ဝင်း၊ ဟက်ကက်၊ မီးမီးခဲ၊ ပုလဲဝင်း...(၆း၀၀မှ ၈း၀၀)

၁၁-၄-၂၀၀၉ရက် (စနေနေ့)
ချစ်ကောင်း၊ ခိုင်ထူး၊ တူးတူး၊
အောင်နိုင်၊ သားထွေး၊ နန္ဒဇော်၊
ဇမ်နူး၊ လွှမ်း (၆း၀၀မှ ၈း၀၀)

၁၂-၄-၂၀၀၉ရက် (တနင်္ဂနွေနေ့)
ရွှေကောင်းကင်သင်္ကြန်-ဇင်ဟိန်း၊ ပိုးဟေသီကို၊ ချန်းချန်း၊
ထက်အောင်လှိုင်၊ ပုလဲ၊ မှူးသစ်၊ K မီကို၊ ပို့ပို့...(၆း၀၀မှ ၈း၀၀)
Dream Boat Game (၄း၃၀မှ ၆း၀၀)

မင်္ဂလာ ဆုမွန်လွှာ

ချစ်သမီးငယ် **ဖူးပြည့်သော်(ပြည့်ပြည့်)**၏ ၆-၄-၂၀၀၉ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်အသချေ အသက်ရှည်၍ အနာကင်းစေ၊ ပညာကြိုးစားတိုးပွားစေ၊ ဖေ-မေ သိတတ်မျိုးမြတ်စေ၊ လိုအင်ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း ကျပါစေ။

ချစ်သော - ဘိုး၊ ဘွား
ဖေဖေ - ဦးမျိုးသော်ဇင်
မေမေ - ဒေါ်သီတာ
မကြီး - မေဖူးသော်(ပုံ့ပုံ့)။

PACIFIC DIGITAL PHOTO SERVICE

မှ

နောက်ဆုံးပေါ် ခေတ်မီစက်သစ်ကြီးများဖြင့်

ခုအပ် ခုယူ
အမြန်ဆုံးကူးစနစ်ဖြင့်
ဆောင်ရွက်ပေးနေပါသည်။

(၁) အမှတ်(၁၈၅/၁၈၇)၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၁၀၇၃၊ ၃၈၃၄၀၆။
(၂) အမှတ်(၁၇၉/၁၇၇)၊ အနော်ရထာလမ်း၊ (၃၃လမ်းထောင့်)၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၅၁၇၃။
(၃) အမှတ်(၄၅၃)၊ မဟာဗန္ဓုလလမ်း၊ (၃၂လမ်းထောင့်)၊ မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

ဥတု ရာသီ တောကို မှီ၏

မွေးနေ့ဆုမွန်လွှာ

ချစ်သားကြီး **မောင်ရဲကျော်** [Final Year(NS)MMU] ၏ ၆-၄-၂၀၀၉ ရက်တွင် ကျရောက်သော (၂၁)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် လိုရာဆန္ဒတွေ ပြည့်စုံပြီး အောင်မြင်ပျော်ရွှင်သော ဘဝခရီးမှာ ထာဝရ အမြဲ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ - ဦးသန်းအောင်
ချစ်မေမေ - ဒေါ်ခင်ပြုံးချို
ချစ်ညီမ - ပိုးအိဖြူ YUFL (B.A, Eng 1st year)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၄-၂၀၀၉ ရက်
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၅ ၆။ **ချစ်လွန်းလို့** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၈း၁၅ ၇။ ခါသင်္ကြန်အဆိုအကများ
၈း၃၀ ၈။ International News
၈း၄၀ ၉။ အတီးပြိုင်ပွဲ
၈း၅၀ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀ ၄။ မြန်မာစာ၊ မြန်မာစကား
၄း၄၀ ၅။ ခါသင်္ကြန်အဆိုအကများ
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခန်း)
၅း၃၀ ၉။ **ချစ်သောမြေ ချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၅း၃၅ ၁၀။ တေးဂီတအစီအစဉ်
၅း၄၅ ၁၁။ ခါသင်္ကြန်အဆိုအကများ
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၅။ ရှေးဟောင်းနယ်မြေမှ မဟာရာဇ သီရိအနိရုဒ္ဓဒေဝအနော်ရထာ မင်းကြီး၏ သီရိဇေယျာဘူမိပုဂံ ရွှေနန်းတော်ကြီးနှင့်ပြတိုက်
၇း၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း-၂၄)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၆)
၂၁။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လူနေရပ်ကွက်ရှိဒန်အိုးလုပ်ငန်း စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါ

စာတည်းရှင့်-

မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် မဟာဘောဂလမ်းအောက်ပိုင်းမှ နေအိမ်တစ်အိမ်သည် ဒန်အိုးလုပ်ငန်းကို နေ့စဉ်လုပ်ကိုင်လျက်ရှိရာ ထိုလုပ်ငန်းမှ ထွက်ပေါ်လာသော ဒန်စမှုန့်၊ မီးခိုးငွေ့၊ ဒန်ခွက်ခေါက်သံများနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် ဓာတ်ဆီများသိုလှောင်ထားခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် အဆိုပါလုပ်ငန်းကို စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးနိုင်ရေး တင်ပြအပ်ပါသည်။

မဟာဘောဂလမ်းသူ

မီးသွေးမှုန်ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် မြကန်သာအိမ်ရာ အပိုင်း(၂)ရှိ မြေညီထပ်တိုက်ခန်းတစ်ခန်းတွင် မီးသွေးကိုဒေါင်ပြုလုပ်ထားပြီး မီးသွေးများကို လက်လီလက်ကား ဖြန့်ချိရောင်းချနေရာ မီးသွေးအမှုန်များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် စိစစ်ကြပ်မတ် ဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

မြကန်သာအိမ်ရာမိသားစု

ကျူးကျော်ဆိုင်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် လှည်းတန်းရပ်ကွက် ၃လမ်းသည် ပေ၃၀ အကျယ် လမ်းဖြစ်သော်လည်း ယခုအခါ ဆိုင်များကျူးကျော်၍ အခိုင်အမာ ဖွင့်လှစ်ရောင်းချနေ၍ ကားတစ်စီးပင် ဝင်ထွက်ခက်နေသောကြောင့် လမ်းအတွင်း ကျူးကျော်ဆိုင်များကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသားတစ်ဦး

ရေမြုပ်လမ်းများ မြှင့်တင်ပေးပါ

စာတည်းခင်ဗျား-

ပုသိမ်မြို့ ရွှေဝတ်မှုံ (၁)ရပ်ကွက်၌ မိုးတွင်းကာလ ဝါဆို ဝါခေါင်လများတွင် ရွှေဝတ်မှုံလမ်းများသည် ခြောက်လက်မမှ တစ်ပေခွဲခန့်အထိ ရေနစ်မြုပ်လေ့ရှိရာ လမ်းသွားလမ်းလာများ အခက်အခဲနှင့် ကြုံတွေ့ရသဖြင့် ယင်းလမ်းများကို မြှင့်တင်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေဝတ်မှုံ(၁)ရပ်ကွက်သား

လမ်းဘေးဓာတ်ဆီဆိုင်ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အနောက် ရွှေဂုံတိုင်ရပ်ကွက် ရွှေဂုံတိုင်မီးပွိုင့်ရှိ အနောက်ရွှေဂုံတိုင်လမ်းတစ်လျှောက်တွင် လမ်းဘေးဓာတ်ဆီဆိုင်ပေါင်း ရှစ်ဆိုင်ခန့်ရှိနေပါ၍ မီးဘေးအန္တရာယ် အလွန်စိုးရိမ်ရပါသောကြောင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေဂုံတိုင်သား

ဆိတ်ငြိမ်ရပ်ကွက်အတွင်း မော်တော်ယာဉ်ပြုပြင်မှု ဖယ်ရှားပေးစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲ(၂)ရပ်ကွက် ငုဝါလမ်းသွယ် ခြံတစ်ခြံတွင် စက်မှုဇုန်ကဲ့သို့ လိုက်ထရပ်ကားများ ထုတ်လုပ်တပ်ဆင် ပြုပြင်လျက်ရှိရာ ကားဘော်ဒီထုသည့်ဆူညံသံများ၊ မီးစက်မှ ဆူညံသံများနှင့် ဆေးမှုတ်သည့် ဆေးနံ့များအပြင် ကစားကွင်းဧရိယာအတွင်းနှင့် လမ်းပေါ်တွင် ကားများ စည်းကမ်းမဲ့ပိတ်ရပ်ထားခြင်းများကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ အနှောင့်အယှက် ဖြစ်နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကိုယ်တွေ့ခံစားရသူ

အညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

မုံရွာမြို့ ရန်ကင်းရပ် သီရိမြိုင်လမ်း တောင်ဘက် ခြမ်းနေအိမ် ပဲကြော်ဖိုမှ အညှော်နံ့ကြောင့် ရပ်ကွက်သူ ရပ်ကွက်သားများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ယာဉ်အန္တရာယ်ကင်းရှင်းရေး စည်းကမ်းမဲ့ဆိုင်များဖယ်ရှားပြီးစီး

၁၂-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လက်ပံတန်းမြို့ ကျွန်းကလေး လမ်းဆုံတွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဆိုင်များ ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

ကျောက်တန်းမြို့၌ ယာဉ်ရပ်နားခကောက်ခံမှုကြပ်မတ်ပြီးစီး

၂-၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကားရပ်နားစခန်းမှ ငွေကောက်ခံသူများ ကျောက်တန်းမြို့တွင်းလမ်းမပေါ်တွင်သွားသည့် ကားများကို ယာဉ်ရပ်နားခ ကောက်ခံနေမှု ကြပ်မတ်စိစစ် ဆောင်ရွက်ပေးပါ** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်)**

ရွှေဘိုခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရွှေဘို မတ် ၂၈

ရွှေဘိုခရိုင် ဂျီအီးစီ(ဝန်ထမ်းပေါင်းစုံ)သမဝါယမအသင်း လီမိတက်၏ ၂၀၀၇-၂၀၀၈ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို မတ် ၈ရက်က ရွှေဘိုမြို့ မဟာနန္ဒာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဂျီအီးစီဥက္ကဋ္ဌ ဦးကျော်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်၍ အတွင်းရေးမှူး ဦးမောင်သန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကာ ရွှေဘိုခရိုင် သမဝါယမဦးစီးဌာနမှူး ဦးအောင်နိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ အသင်းဥက္ကဋ္ဌက အခမ်းအနားကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြ၍ အမှုဆောင်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းများကို ဦးအောင်နိုင်က ရှင်းလင်းပြီး စာရင်းစစ်အစီရင်ခံစာကို ဒေါ်မြင့်မြင့်ဦးက လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်ခင်မြင့်ထွေးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကတိသစ္စာခံယူ

ထို့နောက် ၂၀၀၇-၂၀၀၈ခုနှစ်အတွက် အသင်း၏ အကျိုးအမြတ်ဝေစုကို ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဝက်လက်နှင့် ရွှေဘိုမြို့တို့မှ အသင်းကိုယ်စားလှယ်များအား ပေးအပ်သည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲ ဆက်လက်ကျင်းပရာ အရွေးချယ်ခံ အမှုဆောင်အဖွဲ့ဝင်များက ရွှေဘိုခရိုင် သမဝါယမဦးစီးဌာနမှူး ဦးအောင်နိုင်ထွန်း ရှေ့မှောက်တွင် ကတိသစ္စာခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

နတ်တလင်းမြို့ ဗိုလ်ရုံလမ်း ထပ်ပိုးလွှာခင်း

နတ်တလင်း မတ် ၃၀

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် ဗိုလ်ရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မတ် ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သူရ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်ဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

တပ်မတော်နေ့ ဂုဏ်ပြု စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပ

ကျောက်ပန်းတောင်း ဧပြီ ၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်နှင့် ရေဒီယိုလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၅ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးဇော်မြင့်သိန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော သတင်းစာများနှင့် ပုံနှိပ်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ လှူဒါန်းသော ရေဒီယိုနှင့် စာအုပ်စာစောင်များကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများက လက်ခံယူသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

မတ် ၂၅ရက်က သီတာရွှေဆိုင်မိသားစုမှ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဇဟိုမွှေးရုံ၌ တောင်ဥက္ကလာပ(၆)ရပ်ကွက်နှင့် (၇)ရပ်ကွက်အတွင်းရှိ ဘိုးဘွား ၁၆၁ဦးအား သက်ကြီးပူဇော်ပွဲကျင်းပပြီး ဇဟိုမွှေးရုံပြုပြင်ရန် အလှူငွေကျပ်နှစ်သိန်းနှင့် ရပ်ကွက်လမ်းပြုပြင်ရန် ငွေကျပ်နှစ်သိန်း၊ အထက(၂) တောင်ဥက္ကလာပအတွက် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌဦးအောင်မျိုးနှင့် ဇဟိုမွှေးရုံဥက္ကဋ္ဌတို့က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ စကားဝါသာသနာ့နယ်မြေရှိ နွေရာသီ၌ သောက်သုံးရေအတွက် အားထားအသုံးပြုနေရသည့် ရေးဟောင်းကန်တော်မင်္ဂလာ တူးဖော်ပြုပြင်သန့်ရှင်းရေးအတွက် လုပ်အားဒါနပေးလှူပွဲကို မတ် ၂၇ရက်က ကျင်းပရာ ပဲခူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးမောင်သန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကတွင်းခြံအုပ်စု တောင်စုကျေးရွာဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ပဲခူးမြို့သို့ရောက်ရှိနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ်(သီပေါကိုလတ်)ဦးဆောင်သော လားရှိုး၊ ကျောက်မဲ၊ သီပေါမြို့နယ်တို့မှ တိုင်းရင်းသားများစုပေါင်း၍ ပါဝင်ဆောင်ရွက်ကြစဉ်။ (စာပေနှင့် စာနယ်ဇင်းအဖွဲ့)

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေကူ၌ ပေါပြည့်ဝ စာကြည့်တိုက်ဖွင့်

ရွှေကူ မတ် ၂၅

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ဘိုကုန်းကျေးရွာအုပ်စု ပေါလောကျေးရွာ ပေါပြည့်ဝ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင် ရန်ပုံငွေ လှူဒါန်းပွဲကို မတ် ၂၀ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်၊ ဘိုကုန်းကျေး ရွာအုပ်စု ဥက္ကဋ္ဌ ဦးဇင်လင်းအောင်နှင့် ပေါလောကျေးရွာ ပေါပြည့်ဝ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအေးထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပေါပြည့်ဝ စာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၅၀၀၀နှင့် သုတ၊ ရသစာအုပ်စာစောင် ၈၁အုပ်၊ မြို့နယ်အမှုဆောင်အရာရှိက ငွေကျပ်၁၀၀၀၀၊ လက်ထောက်အင်ဂျင်နီယာက ငွေကျပ်၁၀၀၀၀၊ ဘိုကုန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဇင်လင်းအောင်က ငွေကျပ် ၅၀၀၀ တို့ကို လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းကင်း၌ နှမ်းစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုး လျာထားချက်ပြည့်မီကျော်လွန်ရေး ဆောင်ရွက်

မင်းကင်း မတ် ၃၀

ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းတို့က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက်၉နာရီက မြို့နယ်ရုံးဧည့်ရိပ်သာ၌ ကျင်းပသည်။

ဆက်လက်၍ ခရိုင်အတွင်းရေးမှူး ဦးစိန်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးညီညီဝင်းနှင့် အတူ ဌာနဆိုင်ရာများလိုက်ပါလျက် ပေါက်အိုင်ကျေးရွာသို့ သွားရောက်ကာ နွေစပါးစိုက်ပျိုးထားရှိမှု၊ နွေစပါးအောင်မြင်ဖြစ်ထွန်းမှုအတွက် ရေသွယ်ထားရှိသည့် မြောင်းနှင့် ဆောင်းသီးနှံ စိုက်ပျိုးဖြစ်ထွန်းမှုများကို ကြည့်ရှုပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်းလွဲ၂နာရီတွင် တောင်အောက်ကျေးရွာသို့ ရောက်ရှိကာ အလောင်းတော်ချောင်းမှ ရေသွယ်မြောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးတောင်ဦးကျေးရွာ နွေစပါးစိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံ၍ လျာထားချက် ပြည့်မီကျော်လွန်ရေး ဆောင်ရွက်ရန်မှာကြားကာ စိုက်ပျိုးထားသည့် နွေစပါးခင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မှုခင်းသတင်း
လမ်းဖြတ်ကူးသူ ကလေးငယ်အား ထော်လာဂျီယာဉ် ဝင်တိုက်မှုကြောင့် ပွဲချင်းပြီးသေဆုံးမှု ပြင်ဦးလွင်တွင် ဖြစ်ပွား

ပြင်ဦးလွင် မတ် ၃၀

လမ်းဖြတ်ကူးသူ ကလေးငယ်တစ်ဦးအား ခြောက်လုံးထိုးထော်လာဂျီယာဉ် တိုက်သဖြင့် နေရာတွင် ပွဲချင်းပြီးသေဆုံးသည့် မှုခင်းတစ်ရပ် မတ် ၁၂ ရက်က ပြင်ဦးလွင်မြို့နယ်တွင် ဖြစ်ပွားသည်။

ပွဲချင်းပြီး သေဆုံး

ဖြစ်ပွားပုံမှာ မတ် ၁၂ ရက်က ပြင်ဦးလွင်ရပ်ကွက်ကြီး(၁၁) ရေငယ်ကျေးရွာနေ အဖ ဦးအာရဂျမ်း၏ သမီး ရေငယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ သူငယ်တန်းကျောင်းသူ မပါတီး အသက်(၈)နှစ်သည် ရွှေကြယ်လက်ဖက်ရည်ဆိုင်ရှေ့မှ ကျောင်းသို့သွားရန် လမ်းဖြတ်ကူးစဉ် ပြင်ဦးလွင်ဘက်မှ ယာဉ်မောင်း မောင်ဇာနည် မောင်းနှင်လာသော ၈၄/၇၃၈၅ ခြောက်လုံးထိုး ထော်လာဂျီယာဉ်နှင့် တိုက်မိရာ မပါတီးမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားသည်။

အဆိုပါ ယာဉ်တိုက်မှုအတွက် ပြင်ဦးလွင် ပိတ်ချင်းမြှောင်ရဲတပ်ဖွဲ့စခန်းမှ ယာဉ်မောင်း မောင်ဇာနည် (၂၄နှစ်) (ဘ)ဦးမြမောင် ပွေးတောင်ကျေးရွာနေသူအား အရေးယူထားကြောင်း သိရသည်။ (၀၈၈)



လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၅) တာမွေမြို့နယ်၏ ပဒေသာကပွဲကို ဧပြီ ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရိုးရာ ယိမ်းအကဖြင့် ကပြဖျော်ဖြေစဉ်။ (မြန်မာ့အလင်း)

ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်းနှင့်အတူ အရှိန်အဟုန်ဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသော လားရှိုးမြို့



တိုက်တာ၊ အိမ်ခြေအဆောက်အအုံ အပြည့်အနက်ဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးနေသည့် လားရှိုးမြို့၏ မြင်ကွင်းကို မန်ဆူဘုရားတောင်ကုန်းထိပ်မှ ဤသို့ တွေ့မြင်ရသည်။ (မြန်မာ့အလင်း)

လားရှိုး ဧပြီ ၅

လားရှိုးမြို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်တည်ရှိပြီး ပြည်နယ်အဆင့် ရုံးစိုက်ရာမြို့ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၀၆ပေအမြင့်တွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင် ၁၆၃၃ ဒသမ ၄၁ မိုင် ကျယ်ဝန်းကာ ရပ်ကွက် ၁၂ခု၊ ကျေးရွာ ၇၈ရွာဖြင့် ဖွဲ့စည်းထားသည်။

တင်ပို့

လားရှိုးမြို့၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ လက်ဖက်၊ လိမ္မော်၊ နာနတ်နှင့် ရာသီအလိုက်သီးနှံများအပြင် ဆန်၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုးတို့ကိုလည်း ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ထို့ပြင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံမှ စားသုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်းများ တင်သွင်းပြီး ပို့ကုန်အဖြစ် အစေ့ထုတ်ပြောင်း၊ ပဲအမျိုးမျိုး၊ လိမ္မော်၊ နာနတ်နှင့် လက်ဖက်တို့ကို တင်ပို့လျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

သတင်းခရီးသည် - ထိန်လင်း (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ဒဂုံရွှေအောင်လံပြိုင်ပွဲကြီး အောင်မြင်စွာပြီးစီး

စောငမန်းက ရန်ကြီးအောင်ကို ပွဲသိမ်းကိုင်ပေါက်၍ အလွတ်တန်း ဒဂုံရွှေအောင်လံယူ

ရွှေဆိုင်းကို လုံးချောက ပွဲသိမ်းဒူးဖြင့် အနိုင်ရ

အထူး ငါးချီစိန်ခေါ်ပွဲတွင် လုံးချော(ညောင်တုန်း)၏ ညာဒူးနှင့် ညာလက်သီးတို့ ရွှေဆိုင်း(မြိုင်ကြီးငူ)ကို ထိမိထားစဉ်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း - ဇင်လင်းထွန်း (နေဖြူ)
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Dagon Brewery Co., Ltd. ၏ အဓိက ကူညီပံ့ပိုးမှု၊ Myanmar Media Group ၏ Idea နှင့် Media ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများဖြင့် H & S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) တာဝန်ယူစီစဉ်သည့် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး အောင်လံလုပွဲအဆင့်(ဗိုလ်လုပွဲ) ဒုတိယနေ့ပွဲစဉ်များကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီမှ စတင်၍ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏဥ္ဈကျင်းပခဲ့ရာ စောငမန်း (Ever Green) က ရန်ကြီးအောင် (မြို့တော်စည်ပင်)ကို ဒုတိယအချီ၂ မိနစ်၅၈စက္ကန့်၌ ပွဲသိမ်းကိုင်ပေါက်၍ အလွတ်တန်း ဒဂုံရွှေအောင်လံကို ဆွတ်ခူးသွားခဲ့ပြီး ငါးချီအထူး စိန်ခေါ်ပွဲကြီးတွင် လုံးချော (ညောင်တုန်း)က ရွှေဆိုင်း(မြိုင်ကြီးငူ)ကို ပဉ္စမအချီ ၁၈ စက္ကန့်၌ ဘယ်ဒူးတိုက်ချက်ဖြင့် ပွဲသိမ်း အနိုင်ယူလိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

ရန်ကြီးအောင်(မြို့တော်စည်ပင်)၏ ညာခြေကန်ချက်ကို စောငမန်း(Ever Green) ဖမ်းထားစဉ်။ (မြန်မာ့အလင်း)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ် ဦးခေါင်းလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးပါက ဇက်ရိုး ကျိုးပေါင်းတက်ရောဂါမဖြစ်ပွားရန် ကာကွယ်နိုင်

နေ့စဉ် ဦးခေါင်းလေ့ကျင့်ခန်း ၁၅မိနစ်ခန့် ပုံမှန်ပြုလုပ်ပေးခြင်းဖြင့် ဇက်ရိုး ကျိုးပေါင်းတက်ရောဂါ မဖြစ်ပွားနိုင်ကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ဖြစ်ပွားနိုင်

နေ့စဉ် အချိန်ကြာမြင့်စွာ တစ်ဆက်တည်း စာရေး၊ စာဖတ်ခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်းများ ပြုလုပ်ပါက ဇက်ရိုး ကျိုးပေါင်းတက်ရောဂါ ဖြစ်ပွားနိုင်ကြောင်း၊ ကွန်ပျူတာနှင့် အင်တာနက် ဖမ်းယူသူများ အများဆုံး ဇက်ရိုး ကျိုးပေါင်းတက်ရောဂါ ဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ■